# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်၌ တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➔*

**ယနေ့ ဖတ်စရာ**


**ကမ္ဘာမြေ၏ သဘာဝစနစ်အတွင်းက ရာသီဥတုကူးပြောင်း အစွန်းမှတ်များ** — ဆောင်းပါး စာ ၈

**ပုဂံဒေသ ရှေးဟောင်းသုတေသနဆိုင်ရာ အသစ်တွေ့ အထောက်အထား သိကြားဟစ်ဘုရား နံရံဆေးရေးပန်းချီများတွင် ရွှေရည်ရေးဘုရားပုံတော်များ တွေ့ရှိခြင်း** — ဆောင်းပါး စာ ၁၂

**ဗီယက်နမ်အစိုးရက ဟိုချီမင်းစီးတီး မြို့ပတ်လမ်းသစ်စီမံကိန်းအတွက် ကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံကို အတည်ပြု** — နိုင်ငံတကာသတင်း စာ ၁၄

# ခွေးရူးရောဂါကင်းစင်ရေး မနှေးအမြန် လက်တွဲပေး

ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း ခွေးရူးရောဂါကြောင့် အသက်ဆုံးရှုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ သို့ဖြစ်ရာ တစ်နှစ်လျှင် လူ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးနေရခြင်းကို ၂၀၃၀ ပြည့်နှစ်တွင် "သုည" အထိ လျှော့ချနိုင်ရေး Zero Rabies Human Death by 2030 ကို မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ခွေးရူးကိုက်ခံရမှု နှစ်သိန်းခန့်ရှိပြီး သေဆုံးသူ ၇၀ မှ ၈၀ ခန့်အထိ ရှိနေသည်။ သို့ဖြစ်ရာ ခွေးရူးပြန်ရောဂါသည် မိမိတို့နိုင်ငံတွင်လည်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုသဖွယ် ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ခွေးများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရန် အမျိုးသားစီမံကိန်း(၂၀၁၈-၂၀၃၀) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ အာရှနှင့် အာဖရိကနိုင်ငံများရှိ ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသများတွင် ခွေးရူးရောဂါကြောင့် ထိခိုက်မှုပိုမိုဖြစ်ပွားလျက်ရှိရာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် မိမိတို့နိုင်ငံအနေဖြင့် ကျေးလက်နေပြည်သူများအား ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးမှုများနှင့် ကာကွယ်ပေးမှုများ ပိုမိုဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ခွေးရူးရောဂါသည် Rhabdo ခေါ် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ခွေးများတွင်သာမက ကြောင်၊ ဝက်၊ သိုး၊ ဆိတ်၊ နွား စသည့် အိမ်မွေးတိရစ္ဆာန်၊ မွေးမြူရေးတိရစ္ဆာန်များ၊ မြေခွေး၊ တောခွေး၊ ဝံပုလွေ၊ ခွေးအ စသည့်တောရိုင်းတိရစ္ဆာန်များနှင့် လင်းနို့ကဲ့သို့သော သတ္တဝါများတွင် အဆိုပါဗိုင်းရပ်စ်ကို သယ်ဆောင်ထားနိုင်သည်။ ခွေးရူးပြန်ရောဂါပိုးရှိနေသည့် ခွေး၊ ကြောင် စသည့်တိရစ္ဆာန်များ ကုတ်ခံရခြင်း၊ ကိုက်ခံရခြင်း၊ ခွေးရူးပြန်ရောဂါပိုးရှိသည့် တိရစ္ဆာန်၏ သွားရည်နှင့် မိမိတွင်ရှိသည့် အနာ၊ ဒဏ်ရာများကို ထိမိခြင်း၊ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူထံမှရရှိသည့် မျက်ကြည်လွှာနှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများအား အစားထိုးကုသမှုခံယူခြင်းတို့မှ ခွေးရူးပြန်ရောဂါကူးစက်မှုဖြစ်ပွားနိုင်သည်။

ခွေးရူးပြန်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များသည် ဒေါသအလွန်ကြီးပြီး ကိုက်တတ်ခြင်း၊ တုတ်ချောင်း၊ အမှိုက်စ၊ စက္ကူစတို့ကို စားခြင်း၊ ဦးတည်ရာမဲ့ ပြေးလွှားသွားနေခြင်း၊ အသံအက်ဖြင့် အူခြင်း၊ ဟောင်ခြင်း၊ သွားရည်တစီစီကျနေခြင်း၊ အမြီးကုတ်ခြင်း စသည့် လက္ခဏာများ တွေ့ရနိုင်သည်။ စစ်တမ်းတစ်ရပ်အရ လူများတွင် ဖြစ်ပွားသည့် ခွေးရူးရောဂါ၏ ၉၉ ရာခိုင်နှုန်းကျော်မှာ ခွေးကိုက်ခံရခြင်းကြောင့်ဖြစ်ရာ ခွေးကိုက်မခံရအောင် သတိပြုကြရန်လိုသည်။

ခွေးရူးရောဂါသည် ကြိုတင်ကာကွယ်၍ရသော ရောဂါဖြစ်သော်လည်း ကြိုတင်ကာကွယ်မှုမပြုခြင်းနှင့် အချိန်လွန်နောက်ကျပြီးမှ ကာကွယ်ခြင်းတို့ကြောင့် ကူးစက်ဖြစ်ပွားလျှင်မူ ရာနှုန်းပြည့် သေစေနိုင်သော ရောဂါဖြစ်သည်။ သို့ဖြစ်ရာ အိမ်မွေးခွေးနှင့် ကြောင်များကို တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ခွေးရူးပြန်ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်း၊ ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အနီးကပ်ကိုင်တွယ်သူများအား ခွေးရူးပြန်ကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်း၊ လမ်းဘေးလေလွင့်ခွေး၊ ကြောင်များကိုက်ခြင်း၊ ကုတ်ခြင်းခံရပါက မပေါ့ဆဘဲ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းတို့ကို ဂရုတစိုက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုသည်။

ကမ္ဘာတစ်ဝန်း၌ ခွေးရူးရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ကိုးမိနစ်တိုင်းတွင် လူတစ်ဦးကျ အသက်ဆုံးရှုံးနေရခြင်းမှာ အမှန်တကယ်ကာကွယ်ဆောင်ရွက်ခြင်းအားဖြင့် လူတစ်ဦးမျှ သေဆုံးခြင်းမရှိအောင် ကာကွယ်နိုင်သည်။ မိမိတို့၏ အိမ်မွေးခွေးများကို ကာကွယ်ဆေးထိုးခြင်း၊ ခွေးရူးပြန်ရောဂါကာကွယ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ခြင်း၊ အခြားသူများနှင့် မိမိ၏အသိုင်းအဝိုင်းကိုလည်း လှုံ့ဆော်ခြင်းနှင့် အသိပညာဖြန့်ဝေခြင်း၊ ခွေးရူးပြန်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မှုများတွင် ပါဝင်အားဖြည့်ဆောင်ရွက်ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံနှင့် ကမ္ဘာတစ်ဝန်း၌ ခွေးရူးရောဂါကြောင့် သေဆုံးရသူတစ်ဦးတစ်ယောက်မျှ မရှိစေရေး ဝိုင်းဝန်းကူညီ တွန်းအားပေးဆောင်ရွက်ကြပါရန် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ကို ကြိုဆို၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊
၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊
၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊
၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂၇ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၇ - မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ မြန်မာ့အလင်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၉ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၀ | ၃၀၃၅ | ၃၀၀၀ | ၂၉၃၅ | ၃၀၄၀ | ၃၀၅၅ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၅ | ၃၀၁၀ | ၃၀၁၀ | ၃၀၈၀ | ၃၀၄၅ | ၃၀၆၅ | ၃၃၂၅ |
| 95 Ron | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၀၅ | ၃၁၃၅ | ၃၀၅၅ | ၄၅၆၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၃၀ | ၃၃၈၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၅ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၈၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၀၉၀ | ၃၂၉၅ | ၃၃၀၀ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၀၉၀ | ၃၂၉၅ | ၃၃၀၀ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၃ | ၂၈၄၂ |
| 95 Ron | ၂၈၁၃ | ၂၉၀၃ |
| HSD (500 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၈ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❍ ရှေ့ဖုံးမှ


### ကြိုဆိုနှုတ်ဆက်

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်သို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့က ဂါရဝပြုကြိုဆိုပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် သမ္မတနန်းတော် ညှိုခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြရာ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. KOSHERBAYEV Yermek Bedelbayevich နှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။

### တွေ့ဆုံဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံး လာရောက်သည့် မြန်မာနိုင်ငံမှခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားအရ အချက်အချာကျသည့်နေရာတွင်တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ ကာဇက်စတန်နိုင်ငံ အနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ကြည့်မည်ဆိုပါက *စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

- ❒ **မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း**
- ❒ **ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

- ❖ **မိမိအနေဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် နေရာတွင် တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း**
- ❖ **မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် အသင့်ရှိပါကြောင်း**
- ❖ **မိမိတို့ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း**

**ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇** ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ အမှတ်(၂) ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကာဇက်စတန်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုကြစဉ်။





သူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ ရောက်ရှိကြရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Margulan Baimukhan နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကာဇက်စတန်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်၌ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် (၁) Mr. Roman Sklyar၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Margulan Baimukhan နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

logistic ပိုင်းဆိုင်ရာ လုပ်ငန်းများကို အကောင်းဆုံး ဖြတ်သန်း ဆောင်ရွက်နိုင်သည့် နိုင်ငံတစ်ခု ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သွားမည် ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိစဉ် အဆွေတော်တို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သာယာလှပမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားသည်။

> **“ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ အမြင်ချင်းဖလှယ် ဆွေးနွေး”**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံ သမ္မတတို့သည် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့ အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံသမ္မတမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်၍ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်နေစဉ် အတွင်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံ သမ္မတတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကာဇက်စတန်သမ္မတနိုင်ငံ၊ သမ္မတနန်းတော်မှ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်နိုင်ငံ သမ္မတက မော်တော်ယာဉ်နား အရောက်လိုက်ပါပို့ဆောင်ခဲ့ပြီး ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇** ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လက်ပံတန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၈၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ် (၅)ရပ်ကွက်ရှိ သံဃာတော် ၈၈ ပါးနှင့် ဒေသခံပြည်သူ ၂၂၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ရွှေဘုန်းရောင်သာသနာ့ဗိမာန်၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

**၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။**




၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်စတင်အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်မှစတင်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့သည့်အတွက် ယခုနှစ်သည် ၄၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခု ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်မှာ “ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့”၊ “Tourism and Sustainable Transformation” ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်ရန် တိုးတက်ပြောင်းလဲခြင်းများကို ဖော်ဆောင်ပေးနိုင်သည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုများ၊ မဟာဗျူဟာမြောက် အစီအစဉ်များ၊ စေ့စပ်သေချာသည့် စောင့်ကြည့် ထိန်းကွပ်မှုများနှင့် တိကျရှင်းလင်းသည့် ဦးစားပေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် စီးပွားရေးကဏ္ဍတစ်ခုမျှသာမကဘဲ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းသစ်များကိုပါ ဖန်တီးပေးလျက်ရှိရာ အနာဂတ် မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးဆက်များရရှိအောင် ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာအဆင့်အတန်းမီသည့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်လည်း လိုအပ်ကြောင်း။




၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးပထမဆုရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ တီထွင်ဆန်းသစ်မှုများနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်အတွက်လည်း အခွင့်အလမ်းများစွာ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အစိတ်အပိုင်းများဖြစ်သည့်အတွက် ခရီးသွားများ စိတ်ဝင်စားသည့် ထုတ်ကုန်များကို ချဲ့ထွင်၍ ရင်းနှီးမြှုပ်နှံကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်ဆောင်ရွက်ခြင်းများအပြင် ဒစ်ဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ခရီးသွားအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိသည့်အပြင် ရှိရင်းစွဲခရီးသွားအရင်းအမြစ်များကို စနစ်တကျ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် ခရီးစဉ်အသစ်များ ဖော်ထုတ်နိုင်ရန်လည်း အရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများမှ တစ်ဆင့် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လျက် ရှိရာတွင် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများကိုလည်း လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများတွင် Green Energy အသုံးပြုမှုကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သကဲ့သို့ ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်နိုင်ခြင်းကြောင့် ရှင်းလင်းတိကျသည့် ဦးစားပေးအစီအစဉ်များချမှတ်ပြီး နိုင်ငံတော်နှင့် ပြည်သူများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်ကို တည်ဆောက်နိုင်ရန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် UN Tourism အထွေထွေ အတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၏ သတင်းစကားရုပ်သံ video clip နှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်း အမျိုးအစားများ အကြောင်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံး ဆုရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များ၊ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်း အမျိုးအစားများအလိုက် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်ဖွန်းမုန်တိုင်းဘူအလွိုင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် လာအိုနိုင်ငံကို ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း“ဘူအလွိုင်”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်”အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် အနောက် – အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများကို အားကောင်းသော အပူပိုင်းမုန်တိုင်း “ဘူအလွိုင်” အဖြစ်ဖြင့်လည်းကောင်း၊ နောက် ၇၂ နာရီအတွင်း လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းငယ်အဖြစ်ဖြင့်လည်းကောင်း ဖြတ်ကျော်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။ **မြန်မာ့အလင်း**

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇** ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများက **"ရွှေပြည်တော်သို့တို့အတူ"** တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် **"တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဆီသို့"** Video Clip ကို ပြသသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့အနေဖြင့် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာကို ရှေ့ပြေးစီမံကိန်းအဖြစ် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်း ပြည်သူများ သိရှိစေရန် မီဒီယာမှတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိလျက်ရှိပါကြောင်း၊ နိုင်ငံတော်မီဒီယာသည် ပြည်သူလူထုအတွက် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်တို့သာမက ပြည်သူများကို ပြုံးပျော်ရွှင်စေရေးအတွက်ပါ ဖန်တီး ဆောင်ရွက်ပေးနေပါကြောင်း၊ ခိုင်မာတောင့်တင်းအားကောင်းသည့် လူမှုအသိုက်အဝန်းကိုလည်း နိုင်ငံတော်မီဒီယာအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။




ပြည်သူလူထုထံ သတင်းမှန်များ ရောက်ရှိသိရှိနိုင်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဖော်ပြနေပါကြောင်း၊ မိဘပြည်သူများအနေဖြင့် လူမှုကွန်ရက်ပလက်ဖောင်းများကို သုံးစွဲရာတွင် သတင်းတု၊ သတင်းမှားများကို ခွဲခြားဝေဖန်ပိုင်းခြားပြီး စီးပွားရေး၊ လူမှုရေးအတွက် အကျိုးကျေးဇူးရှိစေမည့် ဗဟုသုတများကိုသာ ကြည့်ရှုစေလိုပါကြောင်း၊ လာမည့်ကာလများတွင် တိုးတက်ကောင်းမွန်သည့် အသိုက်အဝန်းနှင့် ယုံကြည်စိတ်ချပျော်ရွှင်စရာကောင်းသည့်ဘဝများ ရောက်ရှိရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ် မြို့မ ၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၉ အုပ်စုတို့အတွက် MRTV DTH စလောင်း ၁၇၇ စုံနှင့် MRTV DVB–T2 Set Top Box အလုံး ၁၁၀ တို့ကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြင့်မားရေး၊ အမျိုးသားပညာရေးအဆင့်အတန်း မြင့်မားရေးနှင့် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကောင်းမွန်သာယာရေးတို့အတွက် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများကလည်း နိုင်ငံတော်နှင့်တကွ နိုင်ငံသားတိုင်း၏ ကောင်းကျိုးများ ဖြစ်ထွန်းစေရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး စီမံချက်သည် ကျေးလက်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ရေရှည်တည်တံ့ခိုင်မြဲသည့် လူမှုစီးပွားဘဝများ ခိုင်မာအားကောင်းလာစေရေးအတွက် အကောင်အထည်ဖော်ပေးခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ(ဝဲပုံ)က တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံး တစ်ရုံး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၀ နှင့် အခြေခံပညာအလယ်တန်းကျောင်း ၃၄ ကျောင်းတို့အတွက် MRTV DTH စလောင်း ၇၂ စုံကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများအား MRTV DTH စလောင်း ၁၅ စုံနှင့် MRTV DVB–T2 Set Top Box အလုံး ၃၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် နာမည်ကျော်တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့က "ပန်းတိုင်းပွင့်ပါစေ" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စိန်ရတုပြတိုက်နှင့် သတင်းစတူဒီယိုခန်းများကို ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Moscow Engineering Physics Institute (MEPhI)မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် Moscow Engineering Physics Institute (MEPhI) ၌ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်ပညာသင်ယူလျက်ရှိသော ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အားပေးစကားပြောကြား**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်–၂၀၂၅ သို့ တက်ရောက်ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံမှ



ကျောင်းသား ကျောင်းသူများပါဝင်သည့် Hackathon ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ညပိုင်းတွင် ROSATOM ညွှန်ကြားရေးမှူးချုပ် Alexey Likhachev က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၉၁
ရက်
သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်-ပုသိမ် လမ်းဖြတ် သောင်ကြားချောင်းတံတား တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန် - ပုသိမ်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် နဝဒေးဥယျာဉ်အိမ်ရာရှေ့တွင် စက်ယန္တရားများဖြင့် အမှိုက်များနှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်ဝန်းအတွင်းရှိ Yangon Convention Centre (YCC)၌ ကျင်းပသည့် ASIAN EXPO YANGON 2025 ကုန်စည်ပြပွဲတက်ရောက်ကြပြီး ပြသထားရှိသည့် မြန်မာနိုင်ငံ အပါအဝင် ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ လာအို စသည့်နိုင်ငံများမှ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ EV ကားများနှင့် သုံးဘီးယာဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ ASIAN EXPO YANGON 2025 ကုန်စည်ပြပွဲကို ပြခန်း စုစုပေါင်း ၂၀၇ ခန်းဖြင့် စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဒေါ်ခင်သင်းဝေတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် မြို့နယ်ခန်းမ၌ ကယားပြည်နယ် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ နည်းပညာအထောက်အကူပြု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အပိုင်းလိုက် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲစနစ်နှင့် MEVM မဲပေးစက်ဆိုင်ရာများ၊ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကယားပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြည်နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင်ကျေးရွာသွားလမ်း ကွန်ကရစ်လမ်းခင်းနေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်က ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်းအား တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၁၃၅ ဒသမ ၃၂၀ ဖြင့် ရွှေရောင်လွင်ပြင်ကုမ္ပဏီမှ အရှည် ၀/၂ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိ ကွန်ကရစ်လမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကမ္ဘာမြေ၏ သဘာဝစနစ်အတွင်းက ရာသီဥတုကူးပြောင်းအစွန်းမှတ်များ

**ကမ္ဘာ့ရာသီဥတုစနစ်သည် လေထု၊ သမုဒ္ဒရာ၊ ရေခဲလွှာများနှင့် ဇီဝစက်ဝန်းတို့အကြား ရှုပ်ထွေးသော အပြန်အလှန်သက်ရောက်မှုများဖြင့် ဖွဲ့စည်းထားသည်။ ရာသီဥတုပြောင်းလဲမှု (Climate Change) ဟုဆိုလိုက်သည်နှင့် လူအများစုက ကမ္ဘာကြီးပူနွေးလာမှုကို တန်းမြင်လေ့ရှိတတ်သည်။**

*ဒေါက်တာကျော်(မိုးလေဝသကျောင်း)*


အမှန်တော့ ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ သဘာဝအတိုင်းဖြစ်ပေါ်နေသော ပြောင်းလဲမှုဖြစ်စဉ်တစ်ခုပင် ဖြစ်သည်။ ဥပမာ- နှစ်တစ်နှစ်အတွင်း နွေ၊ မိုး၊ ဆောင်း ရာသီ သုံးမျိုး ပြောင်းလဲနေသည့် စက်ဝန်းကဲ့သို့ပင် စကြာဝဠာအဆင့်စက်ဝန်းဖြစ် နှစ်ပေါင်းရာထောင်နှင့်ချီ၍ ပြောင်းလဲနေသော ရာသီဥတုစက်ဝန်းရှိပါသည်။ အလွယ်အားဖြင့် ထိုသဘာဝစက်ဝန်းသည် လက်ရှိကာလတွင် ရေခဲခေတ်မှ ပူနွေးသောရာသီဥတုဆီသို့ ချဉ်းကပ်နေသော စက်ဝန်းကာလတွင် ကျရောက်နေခြင်းပင်ဖြစ်သည်။ ထိုသို့ပြောင်းလဲနေမှုကို ရာသီဥတုသိပ္ပံတွင် Nature Climate Change ဟု ခေါ်ဆိုပါသည်။

**လူသားကြောင့်ရာသီဥတုပြောင်းလဲမှု**

ဤသို့ဆိုလျှင် ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏ အပြုအမူများကြောင့်ဟူသော အယူအဆ မည်သို့ပေါ်လာသနည်း။ ထိုတွေ့ရှိချက်သည်လည်း သိပ္ပံနည်းကျမှန်ကန်သော တွေ့ရှိချက် ဖြစ်ပါသည်။ အလွယ်အားဖြင့် သဘာဝအတိုင်း ဖြည်းညင်းစွာပြောင်းလဲနေသော ရာသီဥတုပြောင်းလဲနေမှုသည် လူသားတို့၏လုပ်ရပ်များကြောင့် လျင်မြန်စွာ ပူနွေးသွားစေခြင်းကို လူသားကြောင့်ရာသီဥတုပြောင်းလဲမှု Anthropogenic Climate Change ဟု ခေါ်ဆိုပါသည်။ ကမ္ဘာကြီး၏ သဘာဝအတိုင်းဖြည်းညင်းစွာ ပူနွေးလာနေမှုနှုန်းသည် လူသားများက ဖန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်လာသည်နှင့်အမျှ ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းမှာ လျင်မြန်လာပြီး ပတ်ဝန်းကျင်ရာသီဥတုနှင့် မိုးလေဝသအခြေအနေများသည် ကြိုတင်ခန့်မှန်းနိုင်သည့်ပုံစံမှ မခန့်မှန်းနိုင်တော့သောအခြေအနေသို့ ပြောင်းလဲသွားပါတော့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ဆိုသည်မှာ အဘယ်နည်း။ ကမ္ဘာ့လေထုထဲတွင် ကျွန်တော်တို့ ရှူသွင်းနေသော အောက်ဆီဂျင်အပါအဝင်တွေ့ရှိနိုင်သော ဓာတ်ငွေ့များကို အဓိကအားဖြင့် အုပ်စုနှစ်ခု ခွဲနိုင်သည်။ ပထမဦးစွာ ရာခိုင်နှုန်းများများပါဝင်သောအုပ်စုမှာ နိုက်ထရိုဂျင် ($N_2$) ၇၈ ရာခိုင်နှုန်းခန့်၊ အောက်ဆီဂျင်($O_2$) ၂၁ ရာခိုင်နှုန်းခန့်နှင့် အာဂွန် (Ar) ၀ ဒသမ ၉ ရာခိုင်နှုန်းခန့်တို့ ပါဝင်သောအုပ်စုဖြစ်ပါသည်။ ဤဓာတ်ငွေ့များသည် သက်ရှိများ၏ အသက်ရှူလှုပ်ရှားမှု၊ သဘာဝဓာတုဗေဒလုပ်ငန်းစဉ်များတွင် အရေးပါသော်လည်း ဖန်လုံအိမ်ဓာတ်ငွေ့အဖြစ် သက်ရောက်မှုနည်းပါးပါသည်။

ထို့အပြင် လေထုထဲတွင် ပမာဏနည်းသော်လည်း ကမ္ဘာ့ရာသီဥတုပေါ် အလွန်သက်ရောက်မှုရှိသော ဓာတ်ငွေ့အမျိုးအစားများလည်း ရှိပါသည်။ ယင်းတို့ထဲမှ အဓိက တစ်ခုမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ($CO_2$) ဖြစ်ပြီး လူသားတို့၏ရုပ်ကြွင်းလောင်စာသုံးစွဲခြင်း (ဥပမာ-ကျောက်မီးသွေး၊ ဓာတ်ဆီ)၊ စက်မှုလုပ်ငန်းများ တိုးတက်များပြားလာခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့ကြောင့်




ရာခိုင်နှုန်းမြင့်တက်လာလျက်ရှိပါသည်။

နောက်တစ်ခုမှာ မီသိန်းဓာတ်ငွေ့ (Methane, $CH_4$)ဖြစ်ပြီး စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ နေ့စဉ်စွန့်ပစ်အမှိုက်များ ပေါင်းစည်းရာနေရာများ (အထူးသဖြင့် ပလတ်စတစ်အမှိုက်များ)မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤမီသိန်းဓာတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ထက် အပူထိန်းသိမ်းစွမ်းအား ပို၍မြင့်သည်။ အခြားဖန်လုံအိမ်ဓာတ်ငွေ့ တစ်မျိုးဖြစ်သော နိုက်ထရပ်အောက်ဆိုဒ် ($N_2O$) သည် လယ်ယာမြေများတွင် ဓာတုဗေဒစိုက်ပျိုး ဓာတ်ပစ္စည်းများ (ဥပမာ-ဓာတ်မြေဩဇာနှင့် အခြားဓာတုသွင်းအားစုများ) အလွန်အကျွံအသုံးပြုမှုကြောင့် ၎င်းဓာတ်ငွေ့ထွက်ရှိနှုန်း ပိုများလာသည်ကိုလည်း တွေ့ရပါသည်။

ထို့ပြင် နေရောင်ခြည်မှ ထုတ်လွှတ်သည့် လူနှင့်သတ္တဝါများအား ထိခိုက်စေနိုင်သော ခရမ်းလွန်ရောင်ခြည်(UV)ကို ကာကွယ်ပေးထားသည့် အိုဇုန်းလွှာ ($O_3$) သည်လည်း ကမ္ဘာ့လေထုလွှာအပေါ်ပိုင်းတွင် တည်ရှိနေပါက နေရောင်ခြည်မှ အဆိုပါခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသော်လည်း ကမ္ဘာ့လေထုလွှာအောက်ပိုင်းသို့နိမ့်ဆင်း တည်ရှိလာပါက ဖန်လုံအိမ်ဓာတ်ငွေ့တစ်ခုအဖြစ် သက်ရောက်မှုရှိနိုင်ပါသည်။

လေထုထဲတွင် နောက်ထပ်ပါဝင်သော ဓာတ်ငွေ့တစ်မျိုးမှာ စက်မှုလုပ်ငန်းများမှ ထွက်ပေါ်လာသော ဖလိုရိုကာဗွန်ဓာတ်ငွေ့များ (F-gases) သည်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထက် အပူထိန်းသိမ်းစွမ်းအားကြီးမြင့်ပြီး နှစ်ပေါင်း ရာနှင့်ချီ၍ လေထုထဲတွင် တည်ရှိနိုင်ပါသည်။ နောက်ဆုံး လေထုထဲတွင် ပါဝင်သော ဖန်လုံအိမ်ဓာတ်ငွေ့တစ်ခုမှာ ရေငွေ့ ($H_2O$ vapor) ဖြစ်သည်။ လေထုထဲတွင်အများဆုံး တည်ရှိသော ရေငွေ့သည်လည်း တိမ်တိုက်မှ ရေငွေ့ သို့မဟုတ် ရေငွေ့မှတိမ်တိုက်အဖြစ် သဘာဝ အလိုအလျောက် လေထုအပူချိန်အလိုက် လျင်မြန်စွာ ပြောင်းလဲနေပြီး အပူကို ထိန်းသိမ်းနိုင်စွမ်း အလွန်များသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့အဖြစ် တည်ရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လေထုထဲရှိ ဓာတ်ငွေ့များသည် ရာခိုင်နှုန်းအများအပြား ပါဝင်သည့် ဓာတ်ငွေ့များ ($N_2$, $O_2$, Ar)နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ($CO_2$, $CH_4$, $N_2O$, $O_3$, F-gases, $H_2O$) ဟူ၍ ခွဲခြားနိုင်ပါသည်။ အထူးသဖြင့် လူသားတို့၏လုပ်ရပ်များကြောင့် တိုးပွားလာသော $CO_2$၊ $CH_4$၊ $N_2O$ နှင့် F-gases များသည် ကမ္ဘာ့အပူချိန်ပုံမှန်ထက် လျင်မြန်စွာမြင့်တက်လာရခြင်း၊ တစ်နည်းအားဖြင့် လူလုပ်ရာသီဥတုပြောင်းလဲမှု၏ အဓိက အကြောင်းရင်းများပင် ဖြစ်ပါတော့သည်။

ကမ္ဘာမြေ၏ လေထု၊ ရေထုလှည့်ပတ်မှု၊ သစ်တောများ တည်ရှိနေမှုတို့သည် ကမ္ဘာ့ရာသီဥတုစက်ဝန်း ဖြစ်ပေါ်လာစေရန် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေကြောင်း ကျွန်တော်တို့ လူအများစု သိရှိပြီးဖြစ်သည်။ အဆိုပါရာသီဥတုစနစ်၏ အစိတ်အပိုင်းများစွာထဲကမှ အချို့အစိတ်အပိုင်းများသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအတွက် အရေးကြီးသော အစိတ်အပိုင်းများဖြစ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ ဥပမာ- ကျွန်တော်တို့ ကိုယ်ခန္ဓာတွင် အစိတ်အပိုင်းအားလုံး အရေးပါသော်လည်း နှလုံးနှင့် ဦးနှောက်သည် အခြားအစိတ်အပိုင်းအားလုံးအတွက် အဓိကကျနေသကဲ့သို့ ဖြစ်ပါသည်။

**ရာသီဥတုကူးပြောင်းအစွန်းမှတ်များ**

ထိုသို့ အချို့ရာသီဥတုပြောင်းလဲမှုအတွက် အရေးပါသော ရာသီဥတုစက်ဝန်းမှ အစိတ်အပိုင်းများကို ရာသီဥတုကူးပြောင်းအစွန်းမှတ်များ (climate tipping points) ဟု ပညာရှင်များက သတ်မှတ်ခေါ်ဆိုကြသည်။ ထိုအမှတ်များသည် နေရာဒေသတစ်ခုဖြစ်နိုင်သလို ရေ၊ လေ လှည့်ပတ်မှုစနစ်တစ်ခုလည်း ဖြစ်နိုင်သည်။ ထိုအမှတ်များသည် ပုံမှန်ရိုးရှင်းစွာ တည်ရှိနေသော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအတွက် စွမ်းအား ပြင်းထန်သည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည် (ဥပမာ-ကုလားထိုင်တစ်လုံးကို နောက်ပြန်တွန်းလွန်းသွားပြီး လဲကျသွားသည့် ပုံစံနှင့် တူပေသည်)။ အဆိုပါရာသီဥတုကူးပြောင်းအစွန်းမှတ်များသည်လည်း ၎င်းတို့၏ သဘာဝအတိုင်း စွမ်းဆောင်နိုင်သော ကန့်သတ်ချက်များကို ကျော်လွန်သွားပါက ယင်းစနစ်များသည် နဂိုသဘာဝမူလအနေအထားသို့ အလွယ်တကူ ပြန်လည်ရောက်ရှိနိုင်တော့မည်မဟုတ်ဘဲ ရာသီဥတု ပြောင်းလဲမှုအရှိန်ကို တွန်းအားပေးသည့် အနေအထားသို့ ရောက်ရှိသွားနိုင်ပါသည်။

ထိုသို့သော ပြောင်းလဲမှုများသည် ယင်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ဂေဟစနစ်များသာမက လူ့အဖွဲ့အစည်း၊ စိုက်ပျိုးရေးနှင့် အခြားသက်ရှိများ မှီခိုနေရသော ဂေဟစနစ်များကိုပါ ထိခိုက်စေနိုင်သည်ကို တွေ့ရပါသည်။ **ဖော်ပြထားသော ပုံတွင် စာရေးသူအပါအဝင် ကမ္ဘာ့သိပ္ပံပညာရှင်များက ဖော်ထုတ်ထားသော အဓိကအကျဆုံးသော ရာသီဥတုကူးပြောင်းအစွန်းမှတ်များကို ဖော်ပြထားပါသည်။** ယင်းအမှတ်များတွင် ဝင်ရိုးစွန်းရေခဲပြင်များ၊ မုတ်သုံလေစနစ်များ၊ သမုဒ္ဒရာစီးဆင်းမှုပုံစံများ၊ အပူပိုင်းမိုးသစ်တောများ၊ သန္တာကျောက်တန်းများနှင့် ရေခဲမြစ်များ ပါဝင်ပါသည်။ ဤအစိတ်အပိုင်းတစ်ခုစီသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကို တည်ငြိမ်မျှတအောင် ထိန်းသိမ်းရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ပြီး ယင်းစုပေါင်းစနစ်အတွင်းမှ တစ်ခုခုချို့ယွင်းခြင်းသည် ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကို ပိုမိုမြန်ဆန်အားကောင်းစေနိုင်သောကြောင့် ရာသီဥတုကူးပြောင်း အစွန်းမှတ်များဟု တင်စားခေါ်ဆိုခြင်းဖြစ်ပါသည်။

**ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မီတာများစွာ မြင့်တက်နိုင်**

ရာသီဥတုကူးပြောင်းအစွန်းမှတ် အမျိုးအစားများထဲမှ အရေးအကြီးဆုံးတစ်ခုသည် ကျွန်ုပ်တို့ ကမ္ဘာဂြိုဟ်၏ ရေခဲဖုံးလွှမ်းနေသော အစိတ်အပိုင်းများဖြစ်သည့် ရေခဲလွှာ (cryosphere) များပင်ဖြစ်သည်။ ဥပမာအားဖြင့် ဂရင်းလန်ရေခဲပြင် (Green Land Ice Sheet) သည် ရေချိုပမာဏ အများအပြားကို ထုထည်ကျစ်လျစ်သိပ်သည်းသော ရေခဲများအဖြစ် သိုလှောင်ပေးထားသည်။ လက်ရှိမြင့်တက်လာသော ကမ္ဘာ့အပူချိန်များသည် ယင်းရေခဲလွှာများကို ပိုမိုမြန်ဆန်စွာအရည်ပျော်စေပြီး ဤအရည်ပျော်မှုများကြောင့် လာမည့်ရာစုနှစ်များအတွင်း ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် မီတာများစွာ မြင့်တက်လာနိုင်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားပြီးဖြစ်သည်။

အလားတူပင် အန္တာတိကတိုက်အနောက်ပိုင်းရေခဲပြင် (West Antarctic Ice Sheet) နှင့် အန္တာတိကတိုက်အရှေ့ပိုင်းရေခဲပြင်(East Antarctic Ice Sheet)တို့သည်လည်း အပူချိန်တိုးလာမှုကို ခံနိုင်ရည်နည်းပါးသဖြင့် ဤရေခဲပြင်ရောမကြီးများကို ထိန်းထားပေးသော ကမ်းရိုးတန်းရှိ ရေခဲကျောက်ဆောင်များ အရည်ပျော်ပြိုကျသွားပါက သမုဒ္ဒရာထဲသို့ ရေခဲလွှာများ အလျင်အမြန်ပျော်ဝင်စီးဆင်းကာ ပင်လယ်ရေမျက်နှာပြင်အမြင့်သည် သိသိသာသာ မြင့်တက်လာဦးမည်ဖြစ်ပါသည်။

ထို့အတူ အာတိတ်ပင်လယ်တွင်းရှိ ရေခဲတုံးများ (Arctic Sea Ice)သည်လည်း ကမ္ဘာ့အပူချိန်တိုးလာမှုကြောင့် ပုံမှန်ထက် လျင်မြန်စွာအရည်ပျော်လျက်ရှိသည်။ သို့သော် ဂရင်းလန်နှင့် အန္တာတိကတိုက်တို့ရှိ ကုန်းမြေရေခဲများ အရည်ပျော်ခြင်းနှင့် မတူဘဲ

*စာမျက်နှာ ၉ သို့*

❖ **နေရောင်ခြည်မှထုတ်လွှတ်သည့် လူနှင့်သတ္တဝါများအား ထိခိုက်စေနိုင်သော ခရမ်းလွန်ရောင်ခြည် (UV) ကို ကာကွယ်ပေးထားသည့် အိုဇုန်းလွှာ($O_3$)သည်လည်း ကမ္ဘာ့လေထုလွှာအပေါ်ပိုင်းတွင် တည်ရှိနေပါက နေရောင်ခြည်မှ အဆိုပါ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသော်လည်း ကမ္ဘာ့လေထုလွှာအောက်ပိုင်းသို့နိမ့်ဆင်း တည်ရှိလာပါက ဖန်လုံအိမ်ဓာတ်ငွေ့တစ်ခုအဖြစ် သက်ရောက်မှုရှိနိုင်**

❖ **လက်ရှိမြင့်တက်လာသော ကမ္ဘာ့အပူချိန်များသည် ယင်းရေခဲလွှာများကို ပိုမိုမြန်ဆန်စွာအရည်ပျော်စေပြီး ဤအရည်ပျော်မှုများကြောင့် လာမည့်ရာစုနှစ်များအတွင်း ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် မီတာများစွာ မြင့်တက်လာနိုင်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထား**

*စာမျက်နှာ ၈ မှ*

ပင်လယ်ရေခဲများ အရည်ပျော်ခြင်းသည် ပင်လယ်ရေမျက်နှာပြင်ကို တိုက်ရိုက်မြင့်တက်စေခြင်းမရှိသော်လည်း ၎င်းပင်လယ်ရေခဲများ ပျောက်ကွယ်သွားခြင်းသည် ကမ္ဘာမြေ၏ နေရောင်ချည်အလင်းပြန်မှု (albedo) တစ်နည်းအားဖြင့် နေရောင်ခြည်များ အာကာသထဲသို့ ပြန်လည်အလင်းပြန်မှုကို လျော့နည်းစေပြီး နေရောင်ခြည်များကို ကမ္ဘာ့မျက်နှာပြင်မှ ပိုမိုစုပ်ယူခံရကာ ကမ္ဘာ့အပူချိန်များ ပိုမိုမြန်ဆန်စွာ တိုးလာစေနိုင်ပါသည်။

ထို့အပြင် ဆိုက်ဘီးရီးယားဒေသရှိ Yedoma ရေခဲမြဲမြေများ (Yedoma permafrost) ကဲ့သို့သော ရေခဲမြဲမြေများသည်လည်း ပုံမှန်ထက်မြန်ဆန်စွာ အရည်ပျော်လျက်ရှိပါသည်။ ဤရေခဲဖုံး မြေဆီလွှာတွင် အော်ဂဲနစ်ဒြပ်စင်ပုံစံဖြင့် ကာဗွန်ပမာဏများစွာ ပါဝင်တည်ရှိနေပါသည်။ ထိုရေခဲမြေများ အရည်ပျော်သောအခါ မှိုပိုးမွှားများက ဒြပ်စင်များကို ပြိုကွဲစေပြီး ဖန်လုံအိမ်ဓာတ်ငွေ့ နှစ်မျိုးဖြစ်သည့် မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ကမ္ဘာ့လေထုထဲသို့ ထုတ်လွှတ်လိုက်ခြင်းဖြင့် ပူနွေးမှုကို ပိုမိုအားကောင်းလာနိုင်စေပါသည်။ ထို့ပြင် ကမ္ဘာ့သမုဒ္ဒရာကြမ်းပြင်များပေါ်ရှိ ရေခဲဖုံးထားသော မီသိန်းဓာတ်ငွေ့ အစုအဝေးများဖြစ်သော မီသိန်းကလာသရိတ် (Methane Clathrates) များသည်လည်း သမုဒ္ဒရာရေများ ပူနွေးလာသည်နှင့်အမျှ မတည်ငြိမ်ဖြစ်ကာ ပိုမိုများပြားသော ဖန်လုံအိမ်ဓာတ်ငွေ့များကို ကမ္ဘာ့ရေထုထဲသို့ထုတ်လွှတ်နိုင်ပါသည်။ ဤရေခဲလွှာများ လျင်မြန်စွာပြောင်းလဲမှု အစိတ်အပိုင်းတစ်ခုစီသည် ၎င်းတို့၏ သဘာဝအတိုင်း ပြန်လည်အေးခဲနိုင်သော အတိုင်းအတာများကို ကျော်လွန်သွားပါက ရာသီဥတုပြောင်းလဲမှုကို သိသိသာသာ ပိုမိုဆိုးရွားစေနိုင်သော အလားအလာရှိသည့်အတွက် ရာသီဥတုကူးပြောင်းအစွန်းအမှတ်များအဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

### ကမ္ဘာ့ဂြိုဟ်၏ အဆုတ်များ

သက်မဲ့ရေခဲဖုံးဒေသများအပြင် ကမ္ဘာမြေ၏ သက်ရှိအပိုင်းဖြစ်သည့် ဇီဝစက်ဝန်း (biosphere) သည်လည်း အရေးကြီးသော ရာသီဥတုကူးပြောင်းအစွန်းမှတ်တစ်ခုဖြစ်သည်ကို တွေ့ရသည်။ "ကမ္ဘာဂြိုဟ်၏ အဆုတ်များ" ဟု အများအားဖြင့် ခေါ်ဆိုကြသော အမေဇုန်ဒေသမိုးသစ်တောသည် အထင်ရှားဆုံးသောနေရာတစ်ခုဖြစ်သည်။ လူအများ သိထားပြီးဖြစ်သော သစ်ပင်များသည် ယင်းတို့ရှင်သန်ရန်အတွက် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များအား စုပ်ယူ၍ လူနှင့်သတ္တဝါများအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးခြင်းကြောင့် "ကမ္ဘာဂြိုဟ်၏အဆုတ်များ"ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ယင်းအမေဇုန်ဒေသသည် လေထုစိုထိုင်းဆကို ထိန်းသိမ်းထားနိုင်ပြီး နေရောင်ခြည်မှတစ်ဆင့် ရေငွေ့ပျံခြင်း၊ တိမ်တိုက်ဖြစ်ခြင်းတို့မှတစ်ဆင့် ယင်း၏ကိုယ်ပိုင် မိုးရာသီစက်ဝန်းတစ်ခု ဖြစ်ပေါ်စေပြီး မိုးရွာသွန်းမှုဖြစ်စဉ်ကို အချိန်မှန် ရာသီမှန် လှည့်ပတ်ထုတ်လုပ်ပေးလျက်ရှိပါသည်။ သို့သော် သစ်တောပြုန်းတီးမှုနှင့် အပူလှိုင်းများကြောင့် ဖြစ်သော မိုးခေါင်မှုတို့သည် ဤဒေသ၏ ကိုယ်ပိုင်ဂေဟစနစ်ကို အားနည်းလာစေသည်။ ထိုမှတစ်ဆင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် အမေဇုန်မိုးသစ်တောများသည် သစ်တောအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ မြက်ခင်းပြင်အဖြစ်သို့ ရောက်ရှိသွားနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားသည်ကို တွေ့ရပါသည်။

ဤပြောင်းလဲမှုသည် အမေဇုန်မိုးသစ်တောများ သစ်ပင်များမှ သိုလှောင်ထားသော ကာဗွန်တန်ချိန် ဘီလီယံပေါင်းများစွာကို လေထုထဲသို့ထုတ်လွှတ်ပြီး ကမ္ဘာလုံးဆိုင်ရာ မိုးရေချိန်ပုံစံများကို ပြောင်းလဲလာနိုင်စေမည်ဖြစ်သည်။ ထို့ပြင် ကနေဒါ၊ အလက်စကာနှင့် ရုရှားနိုင်ငံမြောက်ဘက်ဒေသများကို ဖြတ်သန်းတည်ရှိသော မြောက်ဘက်အအေးပိုင်း သစ်တောများ (boreal forests)သည်လည်း ပိုမိုပူပြင်းသော နွေရာသီများ၊ ပိုးမွှားများနှင့် အပူလှိုင်းများကြောင့် တောမီးလောင်မှုနှင့် တောပြုန်းမှုဒဏ်များကို ခံစားနေရသည်။

ယင်းသစ်တောကြီးများ၏ ဒဏ်ခံနိုင်စွမ်း ဆုံးရှုံးသွားပါက အလွန်ကြီးမားကျယ်ပြန့်၍ အပင်များ ထူထပ်သော သစ်တောများမှတစ်ဆင့် အပင်နည်းပါးသော သစ်တောများ သို့မဟုတ် မြက်ခင်းပြင်များ အဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး ယင်းတို့၏ ကမ္ဘာ့လေထုအတွင်းမှ ကာဗွန်စုပ်ယူသည့် အခန်းကဏ္ဍကို လျော့နည်းသွားစေနိုင်သည်။ ထို့အပြင် သမုဒ္ဒရာများအတွင်းရှိ သက်ရှိအပင်များဟု ခေါ်နိုင်သည့် အပူပိုင်း သန္တာကျောက်တန်းများသည်လည်း ရာသီဥတုကူးပြောင်းအစွန်းမှတ်တစ်ခု ကိုယ်စားပြုနေပါသည်။

### သမုဒ္ဒရာ၏ ကာဗွန်စုပ်ယူနိုင်စွမ်းကို လျော့နည်းစေနိုင်

သန္တာကောင်များသည် အပူချိန်အတိုင်းအတာ ပြောင်းလဲမှုအနည်းငယ်ပမာဏသာရှိသော ဒေသများတွင် နေထိုင်ကြပြီး လက်ရှိမြင့်တက်လာသော ပင်လယ်မျက်နှာပြင် အပူချိန်များကြောင့် သန္တာကျောက်တန်းများ လျော့နည်းသွားခြင်း (coral bleaching)ကို ဖြစ်စေသည်။ ထိုသန္တာ ကျောက်တန်းများ ပျက်စီးမှုနှုန်းသည် အသစ်ဖြစ်ပေါ်နှုန်းထက် အတိုင်းအတာတစ်ခုထက် ကျော်လွန်သွားပါက သန္တာကျောက်တန်းဂေဟစနစ်များ ပြိုကွဲသွားနိုင်ပြီး ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲအများဆုံး နေထိုင်နေသော သမုဒ္ဒရာများ၏ ဇီဝစက်ဝန်းကို ဆုံးရှုံးရမည်ဖြစ်သည်။ သန္တာကျောက်တန်းများကဲ့သို့ အလားတူ အရေးကြီးသော ဇီဝစက်ဝန်းတစ်ခုမှာ ရေနေဇီဝကာဗွန်ပန့် (marine biological carbon pump)ဖြစ်သည်။ ယင်းသည် ရေနေသက်ရှိများထဲမှ အချို့သည် ရေမျက်နှာပြင်အနီးရှိ ကာဗွန်ဓာတ်ငွေ့များကို ပင်လယ်၏နက်ရှိုင်းရာသို့ သယ်ယူ ရွှေ့လျားစေသော ဖြစ်စဉ်ဖြစ်သည်။ ဤစနစ်သည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထိန်းညှိရာတွင် အကူအညီပေးသော်လည်း သမုဒ္ဒရာများ၏ ဓာတုဗေဒဖြစ်စဉ်များ၊ အပူချိန်နှင့် ရေစီးဆင်းမှုပြောင်းလဲမှုများသည် ၎င်းဖြစ်စဉ်များကို အားနည်းစေနိုင်ပြီး သမုဒ္ဒရာ၏ ကာဗွန်စုပ်ယူနိုင်စွမ်းကို လျော့နည်းစေနိုင်သည်။

ရာသီဥတုကူးပြောင်းအစွန်းမှတ်များ၏ တတိယမြောက် အဓိကအစိတ်အပိုင်းတစ်ခုမှာ အတ္တလန္တိတ်ရေနွေးစီးကြောင်းနှင့် ဆားငန်ဓာတ် လှည့်ပတ်စီးဆင်းမှု (Atlantic Thermohaline Circulation–AMOC) ပင်ဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာတွင်းရှိ ရေအပူချိန်နှင့် ဆားငန်ဓာတ် ကွာခြားမှုများသည် ပူသောရေများကို မြောက်ဘက်သို့ သယ်ဆောင်ကာ အေးသောရေကို တောင်ဘက်သို့ ယူဆောင်လာပေးသော ကွန်ရက်ဘီးတစ်ခုကဲ့သို့ လုပ်ဆောင်ပေးလျက်ရှိပါသည်။ အထက်တွင် ဖော်ပြခဲ့သော ဂရင်းလန်ဒေသ ရေခဲများအရည်ပျော်မှုများကြောင့် မြောက်အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ ရေချိုများ အလုံးအရင်းနှင့် စီးဝင်သွားပါက ဆားငန်ဓာတ်ကွာခြားမှုကြောင့် ဖြစ်ပေါ်နေသော ဤလှည့်ပတ်စီးဆင်းမှုသည် အားနည်းသွားခြင်း သို့မဟုတ် ရပ်တန့်သွားခြင်း ဖြစ်နိုင်ပေသည်။

> ❝ **ကမ္ဘာမြေ၏ သဘာဝစနစ်က ပြန်လည်ကုစားပေးရန် ခက်ခဲသော ရာသီဥတုကူးပြောင်း အစွန်းမှတ်များဖြစ်သည့် ဤဂရင်းလန်ရေခဲပြင်နှင့် အာတိတ်ပင်လယ်ရေခဲများမှစ၍ အမေဇုန်မိုးသစ်တောများ၊ အပူပိုင်းသန္တာကျောက်တန်းများ၊ အတ္တလန္တိတ်ရေနွေးစီးဆင်းမှုနှင့် ကမ္ဘာ့မုတ်သုံစနစ်များအထိ အစိတ်အပိုင်းတစ်ခုစီသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုတည်ငြိမ်မှုအတွက် အရေးပါသော်လည်း ထိုထဲမှ တစ်ခုချို့ယွင်းပါက အခြားအစိတ်အပိုင်းများပါ ဆင့်ကဲဆက်စပ်ပြောင်းလဲသွားနိုင်ကြောင်း လူအများသိထားရန် လိုအပ်** ❞

### လေစီးကြောင်းစနစ်များ ပြောင်းလဲလျက်ရှိ

ထိုသို့သော ပြောင်းလဲမှုဖြစ်ပေါ်လာပါက တစ်ကမ္ဘာလုံးရှိ ရာသီဥတုစက်ဝန်းကို ပြောင်းလဲစေနိုင်ပြီး အထူးသဖြင့် ဥရောပတိုက်သို့ ပိုမိုကြမ်းတမ်းသော ဆောင်းရာသီများ၊ အာဖရိကတိုက်သို့ မိုးခေါင်မှုများနှင့် အာရှဒေသ၏မုတ်သုံစနစ်များကို မှုမမှန်မှုများ ဖြစ်ပေါ်စေနိုင်သည်ကို သုတေသနရလဒ်များအရ တွေ့ရှိပြီးဖြစ်သည်။ ထို့ပြင် မုတ်သုံစနစ်များ၏ အသက်ဖြစ်သော ကမ္ဘာ့အထက် လေထုရှိ လေတိုက်နှုန်းပြင်းသော လေစီးကြောင်းတစ်ခုဖြစ်သည့် ဂျက်လေစီးကြောင်း (jet stream) များသည်လည်း အာတိတ်ဒေသ ပူနွေးလာမှုကြောင့် လေစီးကြောင်းစနစ်များ ပြောင်းလဲလျက်ရှိပါသည်။

အားပျော့လာသော ဂျက်လေစီးကြောင်းများသည် လေထုဒိုင်းနမစ်သဘောတရားအရ ကာလကြာရှည်သော အပူလှိုင်းများ သို့မဟုတ် အအေးလှိုင်းများ၊ ရေလွှမ်းမိုးမှုများ သို့မဟုတ် မိုးခေါင်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး ပြင်းထန်သော ရာသီဥတုဖြစ်ရပ်အကြိမ်ရေများကို ပိုမိုတိုးလာစေနိုင်ကြောင်း တွေ့ရှိရသည်။ လက်တွေ့အားဖြင့် ကျွန်တော်တို့ မြန်မာ့မုတ်သုံစနစ်၏ အဝင်/အထွက်နှင့် မိုးရွာသွန်းမှုမှုမမှန်ဖြစ်ခြင်းများမှာ အဆိုပါ ဂျက်လေစီးကြောင်းများကြောင့်ပင်ဖြစ်ကြောင်း စာရေးသူ၏ သုတေသနရလဒ်အပါအဝင် အခြားသိပ္ပံသုတေသန ဖော်ထုတ်ချက် အများအပြားက ဖော်ပြထားပြီး ဖြစ်ပါသည်။

အခြားအရေးကြီးသော ရာသီဥတုကူးပြောင်းအစွန်းမှတ် အစိတ်အပိုင်းတစ်ခုမှာ လူအများသိရှိပြီးဖြစ်သည့် အယ်လ်နီညို/လာနီညာ ရာသီဥတုများကို ဖြစ်ပေါ်စေသော ပစိဖိတ်သမုဒ္ဒရာ အီကွေတာရပ်ဝန်းရှိ အယ်လ်နီညိုရေစီးကြောင်း (El Niño–Southern Oscillation – ENSO) ပင်ဖြစ်သည်။ ENSO သည် သဘာဝအားဖြင့် သာမန်ပင်လယ်ရေ အပူချိန်ထက်ပို၍ပူသော (အယ်လ်နီညို) နှင့် ပို၍အေးသော (လာနီညာ) ဖြစ်စဉ် နှစ်ခုအကြား အပြန်အလှန်ပုံမှန်ပြောင်းလဲနေသော်လည်း ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ယင်းအပြန်အလှန်ပြောင်းလဲမှုဖြစ်စဉ်များကို ပိုမိုပြင်းထန်မြန်ဆန် အားကောင်းစေကာ တစ်ကမ္ဘာလုံးတွင် ပိုမိုပြင်းထန်သော ရေလွှမ်းမိုးမှုများနှင့် မိုးခေါင်မှုများကို ဖြစ်ပေါ်လာစေလျက်ရှိပါသည်။

ထိုဖြစ်စဉ်များနှင့် ဆက်စပ်၍ အနောက်အာဖရိကမုတ်သုံ(West African Monsoon) သည်လည်း ရာသီဥတုကူးပြောင်းအစွန်းမှတ်စနစ်တစ်ခု ဖြစ်လာသည်။ ထိုမုတ်သုံစနစ်၏ မိုးရေချိန်သည် လယ်သမားသန်းပေါင်းများစွာကို အထောက်အကူပြုသော်လည်း အတ္တလန္တိတ်နှင့် အိန္ဒိယသမုဒ္ဒရာများရှိ ပင်လယ်မျက်နှာပြင်အပူချိန် ပြောင်းလဲမှုများကြောင့် အနောက်အာဖရိကမုတ်သုံစနစ်သည်လည်း ပျက်ယွင်းလာလျက်ရှိသည်။ ထို့ပြင် ဆာဟာရသဲကန္တာရ၏ အချို့နေရာတွင် ကျယ်ပြန့်လာခြင်း သို့မဟုတ် အချို့နေရာများတွင် ကျုံ့ဝင်လာခြင်းများကြောင့်လည်း အာဖရိကနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအပေါ် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေနေသည်ကိုလည်း တွေ့ရှိရပါသည်။

အထူးသဖြင့် ယင်းပျက်ယွင်းပြောင်းလဲမှုများကြောင့် ဆာဟာရဒေသရှိ နိုင်ငံအများစုတွင် မိုးခေါင်မှု သို့မဟုတ် ရေလွှမ်းမိုးမှုများကို မကြာခဏခံစားနေရသည်ကို ကျွန်တော်တို့မျက်မြင်တွေ့နိုင်ပါသည်။ အလားတူပင် ကျွန်တော်တို့ မြန်မာနိုင်ငံပါဝင်နေသော တောင်အာရှဒေသရာသီဥတု၏ ဗဟိုအချက်အချာဖြစ်သော အိန္ဒိယ/အာရှနွေ မုတ်သုံ (Indian/Asian Summer Monsoon)သည် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုများကြောင့် စနစ်တည်ငြိမ်မှု ပျက်ယွင်းစပြုကာ မိုးခေါင်မှု သို့မဟုတ် ရေလွှမ်းမိုးမှုများကို မကြာခဏခံစားနေရသည်ကို တွေ့နိုင်သည်။

ရာသီဥတုကူးပြောင်း အစွန်းမှတ်များသည် တစ်ခုစီ သီးသန့်ပြောင်းလဲဖြစ်တည်နေခြင်း မဟုတ်ဘဲ အပြန်အလှန် ဆက်သွယ်နေပြီး ရာသီဥတုအလျင်အမြန်ကူးပြောင်းစေနိုင်သော ဆက်စပ်ဖြစ်စဉ်များ (tipping cascades) ဖြစ်ပေါ်နေသည်ကိုလည်း သိပ္ပံပညာရှင်များက ထောက်ပြပြောဆိုထားပြီး ဖြစ်သည်။ ဥပမာအားဖြင့် အာတိတ်ပင်လယ်ရေခဲများ အရည်ပျော်ခြင်းသည် လေထုပူနွေးမှုကို မြင့်တက်စေပြီး ရေခဲမြေများ အရည်ပျော်မှုကို မြန်ဆန်စေသည်။ ထိုရေခဲမြေမှ မီသိန်းထုတ်လွှတ်မှုသည် လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့များ ထပ်မံပေါင်းထည့်ပြီး မုတ်သုံစနစ်များကို နှောင့်ယှက်ကာ သမုဒ္ဒရာလှည့်ပတ်စီးဆင်းမှုကို အားနည်းစေနိုင်သည်။ အလားတူပင် အတ္တလန္တိတ်သမုဒ္ဒရာရေစီးဆင်းမှုအားနည်းသွားခြင်းသည် အမေဇုန်သစ်တောများတွင် မိုးရေချိန်လျော့နည်းစေပြီး သစ်တောများပြုန်းတီးမှုကို ပိုမိုဖြစ်ပေါ်လာစေနိုင်သည့် အပြန်အလှန်ချိတ်ဆက်နေမှုများကို ဆိုလိုခြင်း ဖြစ်ပါသည်။

### အာရှမုတ်သုံစနစ်သည် အထူးအရေးပါ

ဤအစိတ်အပိုင်းအားလုံးအနက် အာရှမုတ်သုံစနစ်သည် အထူးအရေးပါသည်ကို တွေ့ရသည်။ အာရှမုတ်သုံစနစ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ထံသို့ နှစ်စဉ် မုတ်သုံမိုးကို ယူဆောင်လာပြီး အာရှတိုက်၏ စိုက်ပျိုးရေး၊ သောက်သုံးရေနှင့် ဇီဝဂေဟစနစ်များကို ထိန်းသိမ်းပေးနေသည်။ မုတ်သုံအဝင် နောက်ကျခြင်း၊ အားနည်းခြင်း စသည့် မုတ်သုံမှုမမှန်ဖြစ်စဉ်များသည် ပါကစ္စတန်၊ အိန္ဒိယမှစ၍ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် တရုတ်နိုင်ငံ တောင်ပိုင်းဒေသတို့အထိ အာရှတိုက် တောင်ပိုင်း တစ်လျှောက် အစားအစာဖူလုံရေးကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသည်။ မုတ်သုံစနစ်သည် ရာသီဥတုပြောင်းလဲမှုကြောင့် ယင်း၏သဘာဝအတိုင်း တည်ရှိနေသော ရာသီဥတုကူးပြောင်း အစွန်းမှတ်ကို ကျော်လွန်သွားပါက ကောက်ပဲသီးနှံများပျက်စီးခြင်း၊ ရေရှားပါးခြင်း၊ လူအများအပြား ရွှေ့ပြောင်းခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများ စသည့် သက်ရောက်မှုဖြစ်ပေါ်လာနိုင်ပါသည်။

ကမ္ဘာမြေ၏ သဘာဝစနစ်က ပြန်လည်ကုစားပေးရန် ခက်ခဲသော ရာသီဥတုကူးပြောင်းအစွန်းမှတ်များဖြစ်သည့် ဤဂရင်းလန်ရေခဲပြင်နှင့် အာတိတ်ပင်လယ် ရေခဲများမှစ၍ အမေဇုန်မိုးသစ်တောများ၊ အပူပိုင်းသန္တာကျောက်တန်းများ၊ အတ္တလန္တိတ်ရေနွေးစီးဆင်းမှုနှင့် ကမ္ဘာ့မုတ်သုံစနစ်များအထိ အစိတ်အပိုင်းတစ်ခုစီသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုတည်ငြိမ်မှုအတွက် အရေးပါသော်လည်း ထိုထဲမှ တစ်ခုချို့ယွင်းပါက အခြားအစိတ်အပိုင်းများပါ ဆင့်ကဲဆက်စပ်ပြောင်းလဲသွားနိုင်ကြောင်း လူအများသိထားရန် လိုအပ်ပါသည်။

ရာသီဥတုပြောင်းလဲမှုသည် တစ်ဦးတစ်ယောက်၊ တစ်နိုင်ငံတည်း ကွက်ပြီး ပြုပြင်ပြောင်းလဲ၍ မရသဖြင့် ဤစနစ်များကို ကာကွယ်ရန်နှင့် သဘာဝဖြစ်စဉ်များအတွင်းတွင်သာ တည်ရှိနေအောင် လူသားတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာစုပေါင်းအားဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်း၊ ဂေဟစနစ်များကို ထိန်းသိမ်းခြင်းတို့အတွက် တိကျသော မူဝါဒများချမှတ်ကာ လိုက်နာထိန်းသိမ်းရန်မှာ လူသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဘားအံမြို့နယ် နောင်ကုန်းကျေးရွာ၌ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ



**ဘားအံ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ မတည်ငွေကျပ်သိန်း ၂၀၀၊ ပြည်သူလူထုထည့်ဝင် ငွေကျပ် ၁၄၆၈၄၀၀၀ ဖြင့် ဆောက်လုပ်ခဲ့သည့် ဘားအံမြို့နယ် နောင်ကုန်း (ဝဲကရင်) ကျေးရွာအုပ်စုရှိ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အလင်းရောင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** စာကြည့်တိုက်အဆောက်အအုံ ကို အမွှေးနံ့သာဖြင့်ပက်ဖျန်းပေးကြကာ စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များအား ပညာရပ်အလိုက် ခင်းကျင်းထားရှိမှုနှင့် ဒေသခံပြည်သူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စာဖတ်ရိုန်မြှင့်တင်ရေး လှုပ်ရှားမှုများ၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလှုပ်ရှားမှုများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ပံ့ပိုးငွေဖြင့် ဘားအံမြို့နယ်တွင် စာကြည့်တိုက် သုံးတိုက်၊ လှိုင်းဘွဲမြို့နယ်တွင် စာကြည့်တိုက် နှစ်တိုက် စုစုပေါင်းငါးတိုက် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ အနေဖြင့် အစဉ်အမြဲစာပေဖတ်ရှုလေ့လာနိုင်ပြီး စာဖတ်သည့် အလေ့အထများစွဲမြဲကာ အမှားအမှန်ခွဲခြားနိုင်အောင်၊ အသိပညာဗဟုသုတများ တိုးပွားအောင် စာကြည့်တိုက်သို့ သွားရောက်၍ စာပေလေ့လာဖတ်ရှုကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး စေတနာရှင်ပြည်သူများက စာကြည့်တိုက်အတွက် လှူဒါန်းသည့် ငွေပဒေသာပင်များကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းတို့က စာအုပ်စာစောင်ပေါင်း ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘားအံခရိုင်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက်မှူးထံ လွှဲပြောင်းပေးအပ်ပြီး စာကြည့်တိုက်ကော်မတီဝင် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ညှော်ခံပွဲ ကျင်းပပြုလုပ်




**နေပြည်တော် စက်တင်ဘာ ၂၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့်(၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့်အထိမ်းအမှတ် ညှော်ခံပွဲကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားဖွင့်လှစ်၍ တရုတ်နိုင်ငံ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ပြသပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယရဲမှူးကြီး နေလင်း၊ ပင်းတယမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်နိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းနှင့် တပ်ဖွဲ့ဝင်များ ပင်းတယမြို့ ဆင်ခေါင်းရပ်ကွက်ရှိ အထက (ကြိုသက်) ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မိုးမိုးထွေး (ပြန်/ဆက်)



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုစုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၂၇ ရက်က အမှတ်(၄) ရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ရာ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အားဖြည့်အစားအစာများ ပေးအပ်စဉ်။ ဆောင်းနှင်းဖြူ (ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က ကျိုက်မရောမြို့ အထရံရပ်ကွက်ရှိ အလက (အထရံ)ကျောင်းဝင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး နော်ခမ်း ဦးဆောင်ပြီး မြို့နယ်စခန်းမှူး ဒုတိယရဲမှူး အောင်အောင်နှင့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကျိုက်မရော (ပြန်/ဆက်)

❖*ကျောဖုံးမှ*

ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် အနိုင်ရရှိပြီး ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်း အဓိက တိုက်စစ်ကစားသမား ဟာရီကိန်း အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါသွင်းဂိုးများကြောင့် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ကလပ်အသင်းအတွက် ဂိုး ၁၀၀ အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ယခင် မှတ်တမ်းတင်ထားသည့် ကစားသမားများမှာ ခရစ္စတီယာနို ရော်နယ်ဒိုနှင့် ဟာလန်းတို့ဖြစ်ပြီး ၁၀၅ ပွဲကစားကာ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ဝါဒါဘရီမင်အသင်းသည် နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာသော်လည်း နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသည့်အတွက် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ဝါဒါဘရီမင်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါတွင် ငါးပွဲကစားပြီး ရှုံးပွဲ သုံးပွဲအထိ ရှိလာပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းက ဘွန်ဒက်စ်လီဂါ ငါးပွဲတွင် ငါးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ကာ ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားကို အမှားအယွင်းမရှိ ဦးဆောင်ထားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါ ငါးပွဲတွင် အသင်းတိုက်စစ်က ၂၂ ဂိုးအထိ သွင်းယူထားပြီး ခံစစ်က သုံးဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရသည်။ ဖြိုင်ဘက် ဝါဒါဘရီမင်အသင်း၏ တိုက်စစ်က ရှစ်ဂိုးသွင်းပြီး ခံစစ်က ၁၄ ဂိုးအထိ ပြန်လည်ခွင့်ပြုပေးထားရသည်။

**အောင်ဇော်**

# ကျောက်ဆည်ကန် ယာယီအစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးရေပေးဝေမှုနှင့် စမုံရေထိန်းတမံပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာအနီးရှိ ကျောက်ဆည်ကန် ယာယီအစီအစဉ်ဖြင့် မိုးစပါးဧက ၁၅၀၀ ကျော်အား စိုက်ပျိုးရေပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရေလှောင်ကန်၏ ယာယီရေတားတမံ တောင့်တင်းခိုင်မာရေး အထူးဂရုစိုက်ရန်၊ ပင်မရေပိုလွှဲ ပြုပြင်ခြင်းနှင့် အကူရေပိုလွှဲ တည်ဆောက်ရန်အတွက် ဒီဇိုင်းပုံစံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ရေလှောင်ကန်တာပေါင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ချက်ပြည့်မီသည့် မြေအမျိုးအစားဖြင့် စနစ်တကျဖို့ကြိတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ပင်မရေပိုလွှဲကြံ့ခိုင်မှု၊ ရေတံခါးတပ်ရေပိုလွှဲမှ ရေတံခါးများ အဖွင့် အပိတ်၊ အတင်အချ စမ်းသပ်ဆောင်ရွက်နေမှု၊ သဲထုတ်ရေတံခါးကြံ့ခိုင်မှုနှင့် အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်နိုင်မည့် အကူရေပိုလွှဲ (Fuse Plug) ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စမုံရေထိန်းတမံနှင့် ဆက်စပ်အဆောက်အအုံများကို ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တူးမြောင်းများ အဆင့်မြှင့်တင်ပြီး စိုက်ကေတိုးချဲ့ရေပေးဝေနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးရန်၊ လက်ဝဲမြောင်းမှ ရေကိုအသုံးပြု၍ ကုန်းမြင့်ပိုင်း စိုက်ကေများကို ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေးဆောင်ရွက်ရန်၊ မိုးရာသီရေဘေးကြိုတင်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းပြီး အလှည့်ကျစနစ်ဖြင့် အမြဲမပြတ်ကြည့်ရှုစစ်ဆေးရန်၊ ရေဝင်ရောက်မှုအပေါ်မူတည်၍ သီးထပ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံများ ပြန်လည်ရေးဆွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယခုဖြစ်ပေါ်နေသော ရာဂါဆာတိုင်ဖွန်းမုန်တိုင်း အခြေအနေများအရ ရေဝင်ရောက်မှုအပေါ်မူတည်၍ တမံအတွင်းရေများအား ရေတံခါးများဖြင့် ထိန်းညှိဆောင်ရွက်လျက်ရှိပြီး ရာသီဥတုကောင်းမွန်ပါက တမံအတွင်းရေပိုမိုသိုလှောင်ထားရှိပြီး ရာသီအလိုက် စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က ဘီးလင်းမြို့ ဆရာစံရပ်ကွက်ရှိ ၄က်ပျော တောဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းတင်၊ ဘီးလင်းမြို့မ ရဲစခန်းမှူး ဒုရဲမှူး စိုးမိုးရှိန်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

❊ *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

■ *ကျောဖုံးမှ*

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသ တာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်း စစ်ဆေးဆောင်ရွက်ရာတွင် မိုင်းဒဏ်ကြောင့် အရှေ့ဘက် ရထားသံလမ်းသည် တစ်ပေခွဲခန့် တစ်နေရာပြတ်တောက်ခြင်း၊ ယင်းနေရာနှင့် သုံးပေခန့်အကွာ တစ်နေရာတွင် သံလမ်းဖိနပ် တစ်ပေခွဲခန့် ပြတ်ထွက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ရထားလမ်းပျက်စီးခဲ့ကြောင်း သိရှိရသည်။

မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြတ်တောက်သွားသော သံလမ်းအား ဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၁၀ နာရီ ၁၀ မိနစ် စတင်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြုပြင်ပြီးစီးသဖြင့် သိမ်ဆိပ်-ဒုံဝန်း ရထားလမ်းပိုင်းကို ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် မော်လမြိုင်မှ အချိန်မှန်ထွက်ခွာလာသည့် ခရီးသည် ၄၀၁ ဦးပါရှိသော အမှတ်(၈၂) အစုန်လူစီးအမြန်ရထားသည် ယနေ့နံနက် ၁၀ နာရီ ၃၂ မိနစ်တွင် သထုံဘူတာသို့ ရောက်ရှိရပ်နားထားခဲ့ရပြီး နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာခဲ့ရသဖြင့် ရထားစီးပြည်သူလူထုအနေဖြင့် ၄၅ မိနစ်ခန့် ကြန့်ကြာမှုကြုံတွေ့ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၈၂)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း (၁၇၈)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆) ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများ အနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပဲခူး - မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုမှ ဆက်စပ်ပစ္စည်းအား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းဘေးအနီး တွေ့ရှိရမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်နေစဉ်။




ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၁/၂၀-၂၁ ကြားရှိ ရထားလမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီး၍ အမှတ် (၈၂) အစုန် လူစီးအမြန်ရထား ဖြတ်သန်းနေစဉ်။

# ပုဂံဒေသ ရှေးဟောင်းသုတေသနဆိုင်ရာ အသစ်တွေ့အထောက်အထား သိကြားဟာစ်ဘုရား နံရံဆေးရေးပန်းချီများတွင် ရွှေရည်ရေးဘုရားပုံတော်များ တွေ့ရှိခြင်း

**ဒေါက်တာအိရွှေစင်မြင့်(ရှေး/သု-ပုဂံ)**

ပုဂံခေတ်၏ **ဗိသုကာအတတ်ပညာ၊ အင်္ဂတေပန်းလက်ရာ၊ ကျောက်ဆစ်ပန်းတမော့** လက်ရာတို့မှာ သရေခေတ္တရာ၊ ပျူနှင့် သထုံ၊ မွန်တို့၏ယဉ်ကျေးမှုဩဇာသက်ရောက်ခဲ့သော်လည်း နံရံပန်းချီမှာ အိန္ဒိယပန်းချီမှဆင်းသက် ပေါက်ဖွားလာကာ ထိုမှတစ်ဆင့် မြန်မာ့ဟန်၊ မြန်မာ့အသွင် ကူးပြောင်းလာခြင်း ဖြစ်သည်။

**ဓမ္မအကြောင်းအရာများကို ပိုမိုအသားပေး ရေးဆွဲ**

**ပုဂံခေတ်က ရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီများကို** လေ့လာပါက လောကအကြောင်းထက် ဓမ္မအကြောင်းအရာများကို ပိုမိုအသားပေး ရေးဆွဲလေ့ရှိသည်ကို တွေ့ရသည်။ ဗုဒ္ဓဝံသကျမ်းနှင့် ဇာတကအဋ္ဌကထာကျမ်းများမှ ဗုဒ္ဓနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ ဖွားတော်မူခန်း၊ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်း၊ ဓမ္မစကြာတရားဦးဟောခန်း၊ နာဠာဂီရိဆင်ချွတ်ခန်း၊ အာဠာဝက ဘီလူးမင်းချွတ်ခန်း၊ တိတ္ထိတို့အား တန်ခိုးပြာဋိဟာပြခန်း၊ ပါလိလေယျတော၌ မျောက်မင်းတို့၏ ပျားမုန့်ဆွမ်းခံယူခန်း၊ တာဝတိံသာမှ ဆင်းခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း၊ ငါးရာ့ငါးဆယ်ဇာတ်တော်များ၊ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်မှ ကဿပမြတ်စွာဘုရားတိုင် ဘုရားရှင်အဆက်ဆက် ဂေါတမမြတ်စွာဘုရားအလောင်းတော်အထိ ဗျာဒိတ်ခံယူခဲ့သော ဘဝများ စသည်တို့ကို အများဆုံး ရေးဆွဲကြပါသည်။ ရေးဆွဲထားသည့် အကြောင်းအရာများမှာ မတူညီဘဲ ကွဲပြားနေသည်ကို ထူးခြားစွာ တွေ့မြင်နိုင်ပါသည်။ အကယ်၍ အကြောင်းအရာတူ ရေးဆွဲထားသည့်တိုင် ရေးဆွဲသည့် ဒီဇိုင်းမတူခြင်း၊ အသုံးပြုသည့် ဆေးရောင်မတူခြင်း၊ တင်ပြပုံမတူညီခြင်း စသော ကွဲပြားမှုများကိုလည်း တွေ့မြင်နိုင်သည်။

**နံရံပန်းချီများတွင် ဗုဒ္ဓအကြောင်းအရာများကို** တွေ့ရသကဲ့သို့ နတ်၊ ဗြဟ္မာ၊ ရဟန္တာ၊ မင်းညီမင်းသား၊ မှူးမတ်၊ မိဖုရား၊ နန်းတွင်းသူများ၊ နန်းတော်ပုံစံ၊ တောတောင်ရှုခင်းများ၊ လူမှုရေးပန်းချီများ၊ မြင်း၊ ဆင် စသည့်တိရစ္ဆာန်ရုပ်ပုံများအပြင် ကိန္နရီ၊ ကိန္နရာ၊ ဟင်္သာ၊ ဘဲ ၊ တီးမှုတ်ကခုန်နေသူများနှင့် ကနုတ်ပန်းများ၊ ကြာပန်း၊ မျက်နှာကြက်ပန်းဒီဇိုင်းအမျိုးမျိုး စသည်တို့ကိုလည်း ရေးဆွဲတတ်ကြသည်။

**သိကြားဟာစ်ဘုရား (ရှေးဟောင်းအဆောက်အအုံအမှတ်-၂၄၉)**သည် ညောင်ဦး-ပုဂံသွား ကားလမ်းဘေး အမှတ် (၇) ရပ်ကွက် ဝက်ကြီးအင်း၏ အနောက်တောင်ဘက် ပုဂံမြို့ဟောင်းအတွင်းတွင် တည်ရှိပါသည်။ **သိကြားဟာစ်ဘုရားသည် အေဒီ(၁၃) ရာစု** ဗိသုကာဖြစ်ပြီး နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်ကို တွေ့နိုင်သည်။ မျက်နှာကြက်ပန်းဝိုင်း**တွင် ထိုင်တော်မူဗုဒ္ဓပုံတော်များ၊** နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ပွင့်ပြီးသောဘုရားလေးဆူ၊ နောင်ပွင့်မည့် အရိမေတ္တေယျဘုရား၊ ရှစ်မြှောင့်ထောင့် ပန်းဒီဇိုင်းတွင် ပုံတော်များ၊ ပန်းလှျူနေသည့် ရုပ်ပုံများ ရေးဆွဲထားပါသည်။ ဆေးအရောင်ကို မြေဝါ၊ အနက်၊ နီညိုတို့ အသုံးပြုထားကြပါသည်။ နံရံဆေးရေးပန်းချီများသည် ရာသီဥတုဒဏ်နှင့် နှစ်ကာလကြာမြင့်မှုကြောင့် ဆေးရောင်များ မှေးမှိန်လာခြင်း၊ နံရံပန်းချီ ကျန်ရှိနေသော်လည်း ကောင်းစွာမမြင်ရတော့ခြင်း၊ ခြများကိုက်ထားခြင်း၊ နကျယ်အိမ်များရှိခြင်းနှင့် လူတို့၏ ဖျက်ဆီးမှုဖြစ်သော နံရံအချို့တွင် ဆော့ပင်၊ မီးသွေးစများဖြင့် ရေးခြစ်ထားခြင်း၊ အရုပ်များရေးဆွဲထားခြင်း တို့ကို တွေ့မြင်ကြရမည်ဖြစ်သည်။

သိကြားဟာစ်ဘုရားရှိ နံရံဆေးရေးပန်းချီများ ပျက်စီးမှုဖြစ်ပေါ်နေပြီး အင်္ဂတေပန်းလက်ရာများ၊ နံရံများ အက်ကွဲကြောင်းများ ပေါ်နေသည့်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ အဆောက်အအုံထိန်းသိမ်းခြင်း၊ အင်္ဂတေပန်းလက်ရာများ၊ နံရံအက်ကွဲကြောင်းများနှင့် နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။


သိကြားဟာစ်ဘုရား

**ဘုရားပုံတော်များတွင် မင်စာများ ရေးထိုးထား**

နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ကြံ့ခိုင်မှုဆောင်ရွက်ရာမှ အာရုံခံ၏ မြောက်ဘက်နံရံနေရာ၌ နံရံဆေးရေးပန်းချီပေါ်တွင် ရေးဆွဲထားသော ပွင့်တော်မူပြီး ဘုရားငါးဆူ၌ ရွှေစင်ရွှေသားများဖြင့် တန်ဆာဆင်ထားသော ဘူမိဖဿမုဒြာဟန် ထိုင်တော်မူနေဟန် ဘုရားပုံတော်များကို တွေ့ရှိခဲ့ပါသည်။ တွေ့ရှိခဲ့ရသည့် ဘုရားပုံတော်များတွင် မင်စာများ ရေးထိုးထားပါသည်။ နောက်ခံ တံကဲအရောင်မှာ အစိမ်းရောင်ဖြစ်ပါသည်။ ဘူမိဖဿမုဒြာ၏ အဓိပ္ပာယ်မှာ ဘယ်တင်ညာချ လက်တော်အနေအထားဖြစ်ပြီး ညာလက်တော်သည် ပလ္လင်တော်၏ အခြေအား ထိနေခြင်း အဓိပ္ပာယ်အား ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် မာရ်နတ်နှင့် အပေါင်းပါတို့ကို အောင်နိုင်ခြင်းအား ကိုယ်စားပြုသည်သာမက သဗ္ဗညုတ ဉာဏ်တော်ရရှိခြင်းကိုပါ ဖော်ကျူးပူဇော်ကြခြင်း ဖြစ်ပါသည်။

နံရံဆေးရေးဘုရားပုံတော်များတွင် မျက်နှာတော်၊ လည်ပင်းတော်၊ ခန္ဓာကိုယ်အပေါ်ပိုင်း၊ ညာဘက် လက်တော်တို့နှင့် ခြေဖဝါး နှစ်ဖက်တော်တို့တွင် ရွှေစင်ရွှေသားများ ထင်ရှားစွာ ကျန်ရှိနေပါသေးသည်။ ဆေးရေးပုံတော်များ၏ သွင်ပြင်လက္ခဏာတို့မှာ ညောင်ရမ်းခေတ်ဟန် ဖြစ်ပါသည်။ **ဆေးရေးပုံတော်များဘေးတွင် မြတ်စွာဘုရားရှင်အား လက်အုပ်မိုးပူဇော်နေဟန် လူရုပ်များ ရေးဆွဲထားပါသေးသည်။ ညောင်ရမ်းခေတ် ဘုရားပုံတော်**များသည် ထူးခြားသော ပုံစံသစ်ဖြစ်ပြီး ပုဂံခေတ်နှင့် လုံးဝခြားနားကြပါသည်။ ညောင်ရမ်းခေတ် ဗုဒ္ဓပုံတော်များ၏ သွင်ပြင်လက္ခဏာများမှာ ရွှဲလုံးတန်းဆံတော်ရှိခြင်း၊ ဥဏှိသ(မှန်ကင်းတော်)သည် ကြာဖူးပုံသဏ္ဍာန်ရှိပြီး ဦးခေါင်းတော်၏ ထိပ်တည့်တည့်တွင် ရှိနေခြင်း၊ သင်းကျစ်တော်ပါရှိခြင်း၊ လည်ပင်းတော်၊ ခါးတော်၊ လက်တော်များ သေးသွယ်ခြင်း၊ လည်ရေးသုံးဆင့်ပါရှိခြင်း၊ ပခုံးတွင် သင်္ကန်းတော် နှစ်ထပ်၊ သုံးထပ် ပြုလုပ်လာခြင်းနှင့် နားရွက်တော်သည် ပခုံးသို့ ထိနေခြင်းတို့ ဖြစ်ပါသည်။

**နှစ်ပေါင်းများစွာကြာမြင့်**

အသစ်တွေ့ခဲ့ရသည့် ရွှေစင်ရွှေသားဖြင့် တန်ဆာဆင်ထားသော ဘူမိဖဿမုဒြာဟန် ထိုင်တော်မူ ဗုဒ္ဓပုံတော်များတွင် ယခင်ကတည်းက မင်စာများ ရေးထိုးထားသော်လည်း နှစ်ပေါင်းများစွာ ကြာမြင့်၍ ဖုန်မှုန့်များ၊ အညစ်အကြေးများဖြင့် ဖုံးအုပ်နေသည့်အတွက် တိမ်မြုပ်ပျောက်ကွယ်နေခြင်းဖြစ်ပြီး ယခုဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်း ဆောင်ရွက်သည့်အခါမှ တွေ့ရှိရခြင်း ဖြစ်ပါသည်။

အသစ်တွေ့ ရွှေစင်ရွှေသားများဖြင့် တန်ဆာဆင်ထားသည့် ဘုရားပုံတော်ငါးဆူ၏ အောက်ခြေတွင် မင်စာ ရေးထိုးထားပါသည်။

ရေးထိုးထားသော မင်စာတွင် သက္ကရာဇ် -၉၄၃ ခုနှစ်ဟု ပါရှိသည့်အတွက် အေဒီ ၁၆ ရာစုဟု ယူဆရပါသည်။ ထို့ကြောင့် သိကြားဟာစ်ဘုရား၏ တည်ဆောက်မှုနှင့် နံရံဆေးရေးပန်းချီများသည် အေဒီ ၁၃ ရာစုဟန်ဖြစ်သော်လည်း ယခု ကြံ့ခိုင်ထိန်းသိမ်းမှု လုပ်ငန်း ဆောင်ရွက်ရာမှ ထင်ရှားစွာ တွေ့မြင်ရသည့် မင်စာတွင် **သက္ကရာဇ်-၉၄၃ ခုနှစ်ဟု ပါရှိနေ**ခြင်းကြောင့် ပုဂံခေတ်နှောင်းပိုင်း(**Post Bagan Period**)တွင် မူလမှတ်တမ်းပေါ်၌ နံရံပန်းချီများနှင့် မင်စာ ထပ်မံ၍ ရေးထိုးထားခြင်းဖြစ်မည်ဟု ယူဆရပါသည်။ *စာမျက်နှာ ၁၃ သို့*


သိကြားဟာစ်ဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများမှ ရွှေရည်ရေးဘုရားပုံတော်များကို တွေ့ရစဉ်။


(သိကြားဟာစ်ဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများမှ ရွှေရည်ရေးဘုရားပုံတော်များကို ထင်ရှားစွာ တွေ့မြင်နိုင်ရန် နည်းပညာဖြင့် ပြုပြင်ဖော်ပြထားခြင်း ဖြစ်ပါသည်။)

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ သန့်ရှင်းသာယာရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၇**

ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့အား Green City ၊ Clean City ၊ Smart City ဖြစ်စေရေး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လွိုင်ကော်မြို့ ထေးငှားလျားကန်တွင် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်အပန်းဖြေ အနားယူနိုင်ရန် ကန်နှင့်ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လွိုင်ကော်တက္ကသိုလ်၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ထို့နောက် နောင်ယားကန်အတွင်း သဲနုန်းများနှင့် ဒိုက်အမှိုက်များကို စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုနှင့် နောင်ယားကန်သာတွင် ရိုးရာပစ္စည်းများနှင့် ရိုးရာအစားအစာများ ရောင်းချရန် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည့် ဘောလုံးကွင်းနှင့် မီတာ ၄၀၀ Synthetic ပြေးလမ်းပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒေါ်ဥခူပရိယတ္တိစာသင်ကျောင်းတိုက်အတွင်းရှိ သုံးထပ်ကျောင်းဆောင်၊ ဓမ္မာရုံ၊ သိမ်ကျောင်းဆောင်နှင့် ဆွမ်းစားဆောင်များ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဆောင်းဆီထွက်သီးနှံ (မြေပဲ) ပန်းတိုင်အထွက်နှုန်း ရရှိစေရေး သွင်းအားစုများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိ မြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ ရွာသစ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား အသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရွာသစ်ကျေးရွာ SMU ခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်သမဝါယမ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ပန်းတိုင်အထွက်တိုးရရှိရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ဆွေးနွေးပြီး အသင်းသားတောင်သူများ ကိုယ်စား အသင်းဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့အား မျိုးနှင့် သွင်းအားစုများ ပေးအပ်ကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် စိုက်ပျိုးထားသည့် အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်( ပြန်/ဆက်)

## အောင်လံမြို့၌ စပါးမျိုးစေ့ချစက်ဖြင့် စပါးပျိုးထောင်ခြင်း သရုပ်ပြ

**အောင်လံ စက်တင်ဘာ ၂၇**



အောင်လံမြို့၌ စပါးမျိုးစေ့ချစက်ဖြင့် စပါးပျိုးထောင်ခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁၀) စက်မှုလယ်ယာစခန်း၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနဦးစီးမှူး ဦးရဲနိုင်ထွန်းက စပါးမျိုးစေ့ချစက်ဖြင့် စပါးပျိုးထောင်ခြင်း၏ အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ သိရှိနားလည်သင့်သည့် အချက်များနှင့် စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ပြီးသော ပျိုးဗန်းများအား ထိန်းသိမ်းစောင့်ရှောက်ရမည့် အချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စပါးမျိုးစေ့ချစက်ဖြင့် စပါးပျိုးထောင်ခြင်းကို ကြည့်ရှုအားပေးပြီး ပြပွဲတွင် ခင်းကျင်းပြသထားသည့် စပါးမျိုးစေ့ချစက်နှင့် ကောက်စိုက်စက်တို့ကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

*စာမျက်နှာ ၁၂ မှ*

မြန်မာဘာသာ၊ ပါဠိဘာသာတို့ဖြင့် ရေးထိုးထားပြီး အက္ခရာများမှာ ညောင်ရမ်းခေတ် အရေးအသားကို အသုံးပြုထားခြင်းဖြစ်သည်။ မင်စာပါအကြောင်းအရာသည် ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကို ရည်စူး၍ လှူဒါန်းမှုအစုစုကို မှတ်တမ်းတင် ရေးထိုးထားခြင်းဖြစ်သည်။

> **❑ နံရံဆေးရေးပန်းချီများနှင့် မင်စာများသည် မြန်မာ့သမိုင်းနှင့် မြန်မာအက္ခရာအတွက် တန်ဖိုးမဖြတ်နိုင်သည့်အမွေအနှစ်ဖြစ်သကဲ့သို့ ယင်းနံရံဆေးရေးပန်းချီများနှင့် မင်စာများက ထိုခေတ်က လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံရေးအခြေအနေတို့ကို ထင်ဟပ်ပြသ**

ရွှေစင်ရွှေသားဖြင့် ပြုလုပ်ထားသည့် ဘုရားပုံတော် နံရံဆေးရေးပန်းချီများနှင့် မင်စာသည် အေဒီ ၁၆ ရာစုက ဖြစ်ပါသည်။ အေဒီ ၁၆ ရာစု၌ ဘုရင့်နောင်မင်းတရားကြီးသည် ပုဂံဒေသသို့ ကြွရောက်လာသည့်အချိန်တွင် ရွှေစည်းခုံစေတီတော်ကြီး (ညောင်ဦးမြို့)အား ရွှေထီးတော်လှူဒါန်းခြင်း၊ ရွှေချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြန်မာ၊ ပါဠိ၊ မွန် သုံးဘာသာဖြင့် ကြေးသွန်းခေါင်းလောင်းစာ ရေးထိုးမှတ်တမ်းတင်ထားခဲ့သည့် မှတ်တမ်းရှိသည်။ အဆိုပါ ခေါင်းလောင်းသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World, MOW) အဖြစ် ၂၀၁၈ ခုနှစ်က အသိအမှတ်ပြုခံခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အေဒီ ၁၆ ရာစုမှ စတင်၍ စေတီတော်များတွင် ရွှေချသည့်ဓလေ့ရှိခဲ့ကြောင်း ခိုင်မာသည့် အထောက်အထား ဖြစ်ခဲ့ပါသည်။

ရွှေရည်ရေးခြင်း (ရွှေချခြင်း) ရွှေဖြင့် တန်ဆာဆင်ခြင်းတို့နှင့် ပတ်သက်၍ ကျောက်စာများတွင် မှတ်တမ်းတင် ရေးထိုးထားကြသည်ကို တွေ့ရှိရသည်။ စောလူးလတ် ဘုရားကျောက်စာတွင် ဂူအထွတ်ကို "ရွှေအတိသော အထွတ်လည်းတင်၏။ အဆန်းတကြယ် တင့်တယ်စွာသော သလ္လဲလည်းခတ်၏" ဟူ၍ လည်းကောင်း၊ ပုဂံမြို့ဟောင်း သရပါတံခါးအနီး တိုင်းချွတ်ဘုရား ကျောက်စာတွင် "တိုင်းခတ်ဘုရား သို့ခ်ကိုဝ်တော်ခပင်လည် ရွှေရည်ရေး၏၊ ရွှေထီးလေ ဆောင်း၏၊ ရွှေပန်လင်လည်ပြု၏၊ သို့ခ်သာရိပုတ္တရာလည် ရွှေရည်ရေး၏၊ သို့ခ်မောဂ္ဂလာန်လည်း ရွှေရည်ရေး၏၊ သို့ခ်ဂဝံပတိ နှစ်ခုသောလည်း ရွှေရည်ရေး၏" ဟူ၍ လည်းကောင်း၊ မြစေတီကျောက်စာတွင် "ထိုရာဇကုမာရ်မည်သော ပယ်မယားသား ထိုရွှေဘုရား ဌာပနာ၍၏၊ ဤရွှေအထွတ်မူသော ဂူပြု၏" ဟူ၍ လည်းကောင်း၊ ရွှေကွန်ချာဘုရား ကျောက်စာတွင် "ကူတွင် ဘုရားကြီးလည်း ရွှေအညီ ကိုယ်တော်ခပင်းရေး၏။ ပုထိုဝ်ကြီး ငါးလုံးသော်လည်း ရွှေထွတ်တင်၏"။ ဟူ၍ လည်းကောင်း ကျောက်ထက်အက္ခရာတင်ထားသည့် အထောက်အထားများ တွေ့ရှိရပါသည်။

### ပုဂံခေတ်ရွှေဆင်းတုတော်များ တွေ့ရှိခဲ့

ပုဂံခေတ်တွင် ဆင်းတုတော်များ၊ လက်ဝဲရံ လက်ယာရံ သာဝကများ၊ အသုံးအဆောင်ပစ္စည်းများအား ရွှေဖြင့်ပြုလုပ်ခြင်းဓလေ့၊ နောက်ပိုင်းခေတ်တွင် အသုံးဆောင်ပစ္စည်းများ၊ မျက်နှာကြက်များနှင့် တိုင်လုံးများတွင် ရွှေချခြင်း သို့မဟုတ် ရွှေဖြင့် ပြုလုပ်ခြင်းများ ရှိခဲ့ကြောင်း ကျောက်စာအထောက်အထားများ ရှိခဲ့သလို တူးဖော်သုတေသနပြုဆောင်ရွက်ခြင်းတို့မှ ရွှေဆင်းတုတော်များ တွေ့ရှိခဲ့ရပေသည်။

ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထား အသစ်တွေ့ရှိမှုအနေဖြင့် သိကြားဟစ်ဘုရား(ရှေးဟောင်းအဆောက်အအုံအမှတ်-၂၄၉) မှ နံရံဆေးရေးပန်းချီ ဘုရားပုံတော်ငါးဆူတွင် ရွှေရည်ရေးခြင်း(ရွှေချခြင်း) တွေ့ရှိမှုသည် ပထမဆုံး အသစ်တွေ့ရှိမှု ဖြစ်ပေသည်။ မည်သည့် ရှေးဟောင်းနေရာများတွင်မှ ထိုကဲ့သို့သော နံရံဆေးရေးပန်းချီများတွင် ရွှေရည်ရေး(ရွှေချ)သည့် အထောက်အထား မတွေ့ရှိရသေးပါ။ ထို့အပြင် နှောင်းခေတ်ကုသိုလ်ရှင်များအနေဖြင့် ကောင်းမှုကုသိုလ် ပြုလုပ်မည်ဆိုပါက မိမိတို့ ဘိုးဘွားများ၏ ကောင်းမှုကုသိုလ်အမွေအနှစ်များ သို့မဟုတ် ယခင်ကရှိပြီး အမွေအနှစ်များအား ဖျက်ဆီးခြင်းမပြုဘဲ ထပ်မံခြင်းဖြင့် လည်းကောင်း၊ ငုံ၍ လည်းကောင်း လှူဒါန်းမှုပြုခဲ့ကြသည်ကို တွေ့ရှိရသည်။ ပုဂံဒေသတွင် တွေ့ရှိရသော နှစ်ထပ်ဆင်းတုတော်များ၊ နှစ်ထပ်ဘုရားများက လည်းကောင်း တိကျခိုင်မာသည့် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခု ဖြစ်ခဲ့ပါသည်။

ပုဂံဒေသရှိ အခြားသော နံရံဆေးရေးပန်းချီရှိသည့် ရှေးဟောင်းအဆောက်အအုံများအား ခေတ်ဗေဒနည်းဖြင့် ကြေးချွတ်ခြင်း၊ သန့်စင်ခြင်း၊ ကြံ့ခိုင်မှုထိန်းသိမ်းခြင်းတို့ ဆောင်ရွက်သွားမည်ဆိုပါက ယခုကဲ့သို့ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားအသစ်များ ထပ်မံတွေ့ရှိနိုင်သကဲ့သို့ အမွေအနှစ်များလည်း ရေရှည်တည်တံ့စေမည်ဖြစ်ပါသည်။

နံရံဆေးရေးပန်းချီများနှင့် မင်စာများသည် မြန်မာ့သမိုင်းနှင့် မြန်မာအက္ခရာအတွက် တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်ဖြစ်သကဲ့သို့ ယင်းနံရံဆေးရေးပန်းချီများနှင့် မင်စာများက ထိုခေတ်က လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံရေးအခြေအနေတို့ကို ထင်ဟပ်ပြသပေးနေပါသည်။ အဆိုပါ နံရံဆေးရေးပန်းချီများနှင့် မင်စာများသည် နှစ်ပေါင်းထောင်ချီ ကြာမြင့်နေခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ ရေဘေး၊ ခြများ ကိုက်စားခြင်း၊ ဖုန်မှုန့်များ အမှိုက်အညစ်အကြေးများ ဖုံးအုပ်နေခြင်းနှင့် လူသားတို့ ပြုမူမှုများဖြစ်သော နံရံပန်းချီများပေါ်တွင် မီးသွေးစများ၊ ဆေ့ပင်များ၊ မင်ဖျက်ဆေးများဖြင့် ရေးခြစ်ခြင်း၊ ရုပ်ပုံများ ရေးဆွဲခြင်း၊ လှီးဖြတ်၍ ခိုးယူခြင်း၊ ရောင်းချခြင်း စသည်တို့ကြောင့် ပျက်စီးသွားခဲ့ကြရသောအမွေအနှစ် (နံရံပန်းချီနှင့် မင်စာ)များ မရေမတွက်နိုင်အောင် ရှိနေခဲ့မည်ဟု ယူဆဖွယ်ရာများ တွေ့ရှိရသည်။

ထိုကဲ့သို့ အမွေအနှစ်များ ထပ်မံဖျက်ဆီးခြင်း၊ ပျက်စီးခြင်း မဖြစ်ပေါ်စေရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် ချစ်မြတ်နိုးစိတ် ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့်ပတ်သက်ပြီး အမေရိကန်သမ္မတထရမ့် အရိပ်အမြွက်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးကို ဦးတည်စေမည့် သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဟု အမေရိကန်သမ္မတ ထရမ့်က ပြောသည်။ သို့သော်လည်း အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိချေ။

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရန်နီးစပ်နေပြီဟု စက်တင်ဘာ ၂၆ ရက်တွင် ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောသည်။

အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိဘဲ ဓားစာခံများပြန်လည်လွတ်မြောက်မည့်သဘောတူညီချက်၊ စစ်ပွဲကိုအဆုံးသတ်စေမည့်သဘောတူညီချက်ဟု ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း ထရမ့်သည် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးတွင် အာရပ်နှင့်မူဆလင်နိုင်ငံများမှ အရာရှိများ၊ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ထရမ့်အစိုးရအဖွဲ့သည် အချက် ၁၂ ချက်ပါသည့် အစီအစဉ်ကို အစည်းအဝေးတွင် တင်ပြခဲ့သည်ဟု အရှေ့အလယ်ပိုင်းဒေသ အမေရိကန်အထူးသံတမန် စတိဗ်ဝတ်ကော့က ထုတ်ဖော်ပြောကြားခဲ့သည်။ အဓိကအချက်များတွင် ဓားစာခံများပြန်လွှတ်ပေးရေး၊ ဂါဇာကမ်းမြောင်ဒေသ နေရာအားလုံးမှ အစ္စရေးတို့ ဖြည်းဖြည်းချင်းဆုတ်ခွာရေးနှင့် ဟားမားစ်တို့မပါဝင်သည့် ဂါဇာဒေသအုပ်ချုပ်ရေးယန္တရားတို့ပါဝင်သည့် စစ်ပြီးကာလအစီအစဉ်တို့ ဖြစ်သည်ဟု အမေရိကန်သတင်းဝက်ဘ်ဆိုက် အက်စီယိုတွင် ဖော်ပြထားသည်။

ထရမ့်သည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်သို့လာရောက်မည့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်တွေ့ဆုံဖွယ်ရှိပြီး အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်သွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ လူပေါင်း ၄ ဒသမ ၂ သန်း ရေဘေးသင့်မှုဖြစ်ပွား

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၄ ဒသမ ၂ သန်းကျော် ရေဘေးသင့်မှု ဖြစ်ပွားကြောင်းနှင့် နိုင်ငံတောင်ပိုင်းခရိုင်များမှာ ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံးခံစားရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (ယူအင်န်အိုစီအိတ်ချ်အေ)၏ စက်တင်ဘာ ၂၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အထိ ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သော အဆိုပါစစ်တမ်းမှာ ရေဘေးဒဏ်သင့်ခရိုင် ၁၈ ခရိုင်မှ ကျေးရွာပေါင်း ၂၀၀၀ နီးပါးကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် လူပေါင်း ၂ ဒသမ ၈ သန်းခန့် နေရပ် စွန့်ခွာခဲ့ကြရကြောင်း၊ နေအိမ်ပေါင်း ၁၆၁၇၀၀ ခန့် ပျက်စီးမှု ဖြစ်ပွားသည့်အပြင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ကြီးကြီးမားမားထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပါကစ္စတန် အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်း ဇွန် ၂၆ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ လူပေါင်း သုံးသန်းခန့်ကို ကယ်တင်ကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်ဖ်က ရေကြီးရေလျှံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော မိသားစုများအတွက် ထောက်ပံ့ကြေး ရူပီး တစ်သန်းမှ နှစ်သန်းအထိ နှစ်ဆတိုးကာ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အစောပိုင်းတွင် ပြောကြားထားသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ်အတွင်း မွန်ဂိုလီးယားသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၆၇၈၈၅၀ ဝင်ရောက်

**အူလန်ဘာတာ စက်တင်ဘာ ၂၇**

မွန်ဂိုလီးယား ခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ စက်တင်ဘာ ၂၇ ရက်က ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ ၂၀၂၅ ခုနှစ် ပထမ ကိုးလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် စုစုပေါင်း ၆၇၈၈၅၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မွန်ဂိုလီးယားသို့ တရုတ်နိုင်ငံခရီးသွား အများဆုံးလာရောက်ကြပြီး ယင်းနောက်တွင် ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားများ ဖြစ်သည်။ မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးသည် လက်ရှိအချိန်အထိ ဓာတ်သတ္တုတင်ပို့မှုအပေါ် အဓိကမှီခိုနေရဆဲဖြစ်သော်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို နိုင်ငံ၏ စီးပွားရေးအခြေခံကောင်းတစ်ခုဖြစ်လာစေရေးနှင့် ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှုတွင် ခရီးသွားလုပ်ငန်း၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလာရေးနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏အဆိုအရ ခရီးသွားဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၂၈ ခုနှစ်အထိ လေးနှစ်ဆက်တိုက် မွန်ဂိုလီးယားခရီးသွားနှစ်အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ကုန်းတွင်းပိတ် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မွန်ဂိုလီးယားသည် ၂၀၂၄ ခုနှစ်က နိုင်ငံတကာခရီးသွား စုစုပေါင်း ၇၂၇၄၀၀ ကို ဆွဲဆောင်နိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအထိ ရရှိခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်အစိုးရက ဟိုချီမင်းစီးတီး မြို့ပတ်လမ်းသစ်စီမံကိန်းအတွက် ကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံကို အတည်ပြု

**ဟန္နွိုင်း စက်တင်ဘာ ၂၇**

ဗီယက်နမ်အစိုးရသည် ဟိုချီမင်းစီးတီး မြို့ပတ်လမ်းအမှတ် (၄) စီမံကိန်းအတွက် စုစုပေါင်း ဗီယက်နမ်ဒေါင် ၁၂၀ ဒသမ ၄ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံခန့်) ရင်းနှီးမြှုပ်နှံမှုကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဒေသတွင်းသတင်းစာ လောင်ဒေါင်က စက်တင်ဘာ ၂၆ ရက်တွင် ဖော်ပြထားသည်။

၂၀၇ ကီလိုမီတာရှည်လျားသည့် အဆိုပါလမ်းကို အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငွေကြေး၊ မြေရှင်းလင်းရေး၊ ဆောက်လုပ်ရေးစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းလုပ်ဆောင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသအာဏာပိုင်များကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ယခုနှစ်အတွင်း စတင်လုပ်ဆောင်ကာ ၂၀၂၉ ခုနှစ်တွင် အပြီးသတ်ရန် စီစဉ်ထားသည်။ မြို့ပတ်လမ်းအမှတ် (၄) သည် မြို့တော်၏ သယ်ယူပို့ဆောင်ရေး ကွန်ရက်ကို ဖြည့်စွက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြို့ပတ်လမ်းအမှတ် (၁) သည် လက်ရှိတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်းနှင့် မြို့ပတ်လမ်း အမှတ် (၂) နှင့် အမှတ် (၃) မှာ ၂၀၂၆ ခုနှစ်တွင် ပြီးစီးရန် သတ်မှတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အမျိုးသားအချက်အလက်စင်တာ မီးလောင်မှုကြောင့် တောင်ကိုရီးယား အစိုးရအွန်လိုင်းဝန်ဆောင်မှု ယာယီရပ်ဆိုင်း

**ဆိုးလ် စက်တင်ဘာ ၂၇**

တောင်ကိုရီးယား အမျိုးသားအချက်အလက်စင်တာ မီးလောင်မှုကြောင့် အစိုးရအွန်လိုင်းဝန်ဆောင်မှု ယာယီရပ်ဆိုင်းထားသည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြထားသည်။

စက်တင်ဘာ ၂၆ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် ဒယ်ဂျုံးမြို့ရှိ အမျိုးသားသတင်းအချက်အလက်အရင်းအမြစ်ဝန်ဆောင်မှု မီးလောင်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံ၏ ပဉ္စမထပ်ရှိ ကွန်ပျူတာခန်းမအတွင်းမှ လီသီယမ်-အိုင်းယွန်းဘက်ထရီ ပေါက်ကွဲမှုကြောင့် မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် အစိုးရ၏အွန်လိုင်းဝန်ဆောင်မှုနှင့် စနစ်ပေါင်း ၆၄၇ ခု လည်ပတ်မှုရပ်ဆိုင်းသွားခဲ့သည်။ မီးစတင်လောင်ချိန်မှ ၁၀ နာရီခန့်အကြာတွင် အဓိကမီးလောင်သည့်နေရာကို ထိန်းချုပ်နိုင်ခဲ့သည်။

အဆောက်အအုံကို လေဝင်လေထွက်ကောင်းရန်နှင့် အအေးခံရန် မီးသတ်တပ်ဖွဲ့ဝင်များ ဆက်လက်လုပ်ဆောင်နေရ၍ ပြတ်တောက်သွားသောဝန်ဆောင်မှုများ ပြန်လည်ကောင်းမွန်ရန် အချိန်အတော်ကြာဦးမည်ဟု ခန့်မှန်းရသည်။

**ဆင်ဟွာ**

# နှစ်နှစ်ကျော် ရပ်နားထားပြီးနောက် အီရတ်နိုင်ငံမှ တူကီယဲသို့ ရေနံပြန်လည်တင်ပို့

**ဘဂ္ဂဒက် စက်တင်ဘာ ၂၇**



အီရတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသမှ ရေနံစိမ်းများကို အီရတ်- တူကီယဲပိုက်လိုင်းမှတစ်ဆင့်တင်ပို့မှုကို နှစ်နှစ်ခွဲကြာ ရပ်နားထားလိုက်ပြီးနောက် ယခုပြန်လည် စတင်လိုက်ကြောင်း အီရတ်ဖက်ဒရယ် ရေနံဝန်ကြီးဌာနက စက်တင်ဘာ ၂၇ ရက်တွင် ကြေညာသည်။

အီရတ်ဖက်ဒရယ်အစိုးရနှင့် ကာဒစ္စတန်ဒေသ အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းမှုများ၏ အောင်မြင်မှုရလဒ်အနေဖြင့် ဒေသစံတော်ချိန် နံနက် ၆ နာရီက ရေနံစိမ်းတင်ပို့မှုကို ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။

ထုတ်ပြန်ချက်တွင် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မှု အကျိုးရလဒ်ဖြင့် အမျိုးသားအကျိုးစီးပွားရေးရာ စီမံခန့်ခွဲမှုများ ခိုင်မာအားကောင်းလာစေရေး၊ ရေနံတင်ပို့မှု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်စီးပွားရေးကို ပြန်လည် ထူထောင်ရေးအတွက် အထောက်အကူပြုစေမည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြသည်။

ဝန်ကြီးချုပ် မိုဟာမက်ရှီယာ အယ်လ်- ဆူဒါနီက ဖက်ဒရယ် ရေနံဝန်ကြီးဌာနသည် ကာဒစ္စတန်ဒေသမှ ထုတ်လုပ်သော ရေနံစိမ်းကိုလက်ခံရရှိပြီး တူကီယဲသို့ ပိုက်လိုင်းဖြင့်တင်ပို့မည့် သဘောတူညီချက်ကို စက်တင်ဘာ ၂၅ ရက်က ကြေညာခဲ့သည်။

ကာ့ဒ် အာဏာပိုင်များသည် ယခင်က ဘဂ္ဂဒက်မှ ခွင့်ပြုချက်မရှိဘဲ တူကီယဲဆိပ်ကမ်း ဆေးဟန်မှတစ်ဆင့် ရေနံများကို ရောင်းချခဲ့သည်။

တူကီယဲနှင့် အီရတ်နိုင်ငံအကြား ကာ့ဒ်ဒေသန္တရအစိုးရ၏ လွတ်လပ်သော ရေနံရောင်းချမှုဆိုင်ရာ အငြင်းပွားမှုတွင် အပြည်ပြည်ဆိုင်ရာ တရားသူကြီးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် အီရတ်ဘက်မှ အနိုင်ရပြီးနောက် ၂၀၂၃ ခုနှစ် မတ်လမှစတင်၍ ပိုက်လိုင်းကို ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ယခု ပြန်လည်တင်ပို့မှု စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့
INTERNATIONAL DAY OF OLDER PERSONS
ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး
" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"
၁.၁၀.၂၀၂၅ နေပြည်တော်


(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
"ခွေးရူးရောဂါကင်းစင်ရေး၊ မနေနဲ့အမြန်လက်တွဲပေး"
ACT NOW: YOU, ME COMMUNITY

နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပွဲတော်မှာ ကယားတိုင်းရင်းသား လူမျိုးစု(၉)မျိုးအပြင် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ အခြားတိုင်းရင်းသားတွေအားလုံး အတူတကွ ပါဝင်ဆင်နွှဲကြတဲ့အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှုတို့ကို ခံစားရရှိစေမှာဖြစ်ပါတယ်

*(ဦးတင်လှ၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ကယားပြည်နယ်)*

**မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိကြပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မျိုးနွယ်စု၊ လူမျိုးစုအလိုက် ရိုးရာပွဲတော်များ၊ ရာသီအလိုက် နှစ်စဉ်ကျင်းပလေ့ရှိသည့် ပွဲတော်များလည်း စိတ်ဝင်စားဖွယ် ပေါင်းစပ်တည်ရှိနေသည်။**


ဦးတင်လှ


ဦးမီရယ်မြင့်


မောင်ထက်ရှိန်လင်း


မကီးမြာ


စိုင်းဝေအောင်မိုး(ခေါ်) စိုင်းဘိ


ခွန်ကျော်ခမ်းထီ


ဦးလီးရယ်

ကယားပြည်နယ်တွင် ကယားမျိုးနွယ်စု(၉)မျိုးအပြင် အခြားတိုင်းရင်းသားများလည်း စုပေါင်းနေထိုင်လျက်ရှိကြရာ ကေ့ထျိုးဘိုး(ခေါ်)တံခွန်တိုင်ပွဲတော်၊ အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်၊ ဒီးဆ (ခေါ်) ကောက်သစ်စားပွဲတော်နှင့် ကေ့(ခေါ်) တောလိုက်ပွဲတော်တို့သည် ကယားပြည်နယ်၏ နှစ်စဉ်ကျင်းပလေ့ရှိသည့် ပွဲတော်များအဖြစ် ထင်ရှားသည်။

သို့သော် အဆိုပါပွဲတော်များကို အခြေအနေအရပ်ရပ်ကြောင့် ၂၀၁၉ မှ ၂၀၂၄ခုနှစ်အထိ ကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားထားခဲ့ရပြီး ယခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ စက်တင်ဘာ ၂၅ ရက်က ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကယားတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကယားတိုင်းရင်းသားတို့၏ အထင်ကရပွဲတော်၊ ပြည်နယ်၏ အထိမ်းအမှတ် ဝိသေသလက္ခဏာတစ်ခုဖြစ်သည့် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကျောက်သားရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးယခင် အဆက်ဆက်က ထိန်းသိမ်းလာသည့် ယဉ်ကျေးမှုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်စေရန်၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် အဲဒိုပေါ်မီ ပွဲတော်၏ အသွင်အပြင်နှင့်တန်ဖိုးများ၊ အရေးပါမှုများကို နောင်လာမည့် မျိုးဆက်သစ်လူငယ်များ သိရှိစေရန်နှင့် တန်ဖိုးထားဂုဏ်ယူတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ထိုသို့ အနှစ်သာရပြည့်ဝသည့် အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်သို့ တက်ရောက်လာသည့် တိုင်းရင်းသားများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးတင်လှ**
**တိုင်းရင်းသားရေးရာဝန်ကြီး**
**ကယားပြည်နယ်**

အဲဒိုပေါ်မီ(ခေါ်)ဒီးကူပွဲတော်က ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်တဲ့အပြင် ပြည်နယ်ရဲ့ ဂုဏ်သိက္ခာ၊ အထိမ်းအမှတ် ဝိသေသလက္ခဏာအဖြစ် ထင်ပေါ်စေတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့က ပွဲတော်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ ဌာနတွေ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ပွဲတော်မှာ ကယားတိုင်းရင်းသားလူမျိုးစု(၉) မျိုးအပြင် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ အခြားတိုင်းရင်းသားတွေအားလုံး အတူတကွ ပါဝင်ဆင်နွှဲကြတဲ့အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတို့ကို ခံစားရရှိစေမှာဖြစ်ပါတယ်။ အခုလို တိုင်းရင်းသားတို့ရဲ့ ရိုးရာပွဲတော်တွေ ဆောင်ရွက်ပေးခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ဦးမီရယ်မြင့်**
**ဥက္ကဋ္ဌ၊ ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့**

အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲကို ရှေးယခင်ကတည်းက ကျင်းပခဲ့ပါတယ်။ နှစ်တွေကြာလာတာနဲ့ အမျှ ရှေးမူမပျက် ဆောင်ရွက်နိုင်မှု လျော့နည်းလာခဲ့ရသလို ကယားပြည်နယ်ကလည်း အကြမ်းဖက်ဖြစ်စဉ်တွေကြောင့် ထိခိုက်ပျက်စီးခဲ့ရပါတယ်။ အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးခဲ့ရပြီး ရိုးရာဓလေ့ဖြစ်တဲ့ အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲကို အကျဉ်းချုံးပြီး ပြုလုပ်ခဲ့ရပါတယ်။ ဒီနှစ်မှာ ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားမှု၊ ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးရဲ့ အနီးကပ်ကြီးကြပ်မှု၊ ဌာနဆိုင်ရာတွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ခမ်းခမ်းနားနားနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်ထက်ရှိန်လင်း**
**ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့**

ပွဲတော်မှာ ကယားမျိုးနွယ်စုအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကယားတိုင်းရင်းသားတွေရဲ့ ရိုးရာအစားအသောက်ဖြစ်တဲ့ ဒီးကူနဲ့ ခေါင်ရည်ကို လေ့လာခွင့်ရမှာဖြစ်ပြီး ရိုးရာပွဲအဖြစ် စည်စည်ကားကား ကျင်းပပေးတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ကယားတိုင်းရင်းသားတစ်ဦးအနေနဲ့ ဒီအစဉ်အလာကို မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်။

**မကီးမြာ**
**ကယားယဉ်ကျေးမှုအကအဖွဲ့**
**သတ္တပလူကျေးရွာ**

ကယားရိုးရာ အကအဖွဲ့မှာ ပါဝင် ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းမြောက်ပီတိ ဖြစ်ရပါတယ်။ အရင်နှစ်တွေက စည်စည်ကားကား ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အခုမှ ပြန်လည်ကျင်းပနိုင်တဲ့အတွက် ကြီးမှူးကျင်းပပေးတဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ပွဲတော်မှာ ကျွန်မတို့အဖွဲ့အနေနဲ့ အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် အကြောင်းအရာကို တေးသရုပ်ဖော်ပုံစံနဲ့ ဖျော်ဖြေခဲ့ပါတယ်။ နောင်နှစ်တွေမှာလည်း အခုလို ဆက်လက်ကျင်းပပေးဖို့ ပြောကြားလိုပါတယ်။ ကယားပြည်နယ်ကြီးလည်း အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**စိုင်းဝေအောင်မိုး(ခေါ်) စိုင်းဘိ**
**လွိုင်ကော်မြို့နယ်**
**လင်ဖုံလေးကျေးရွာ**

ကျွန်တော်က ရှမ်းတိုင်းရင်းသား ဖြစ်ပါတယ်။ ကယားပြည်နယ်မှာ အခြားတိုင်းရင်းသားတွေနဲ့ အတူ အေးချမ်းစွာ နေထိုင်လျက်ရှိပါတယ်။ ကယားတိုင်းရင်းသားတွေရဲ့ အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲမှာ ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားတွေလည်း ရှမ်းရိုးရာကိန္နရီ၊ ကိန္နရာအကနဲ့ ပါဝင်အားဖြည့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေအားလုံးက တစ်သွေးတည်း တစ်သားတည်း ဖြစ်ပါတယ်။ တစ်ဦးမှာ အခက်အခဲရှိရင် တစ်ဦးက ကူညီရမှာဖြစ်ပါတယ်။ တစ်ဦးက ပျော်ရွှင်ရင် အခြားတစ်ဦးကို မျှဝေခံစားရမှာ ဖြစ်ပါတယ်။ ဒီးကူပွဲမှာ ပါဝင်ဆင်နွှဲရတဲ့အတွက် ကယား တိုင်းရင်းသားတွေနဲ့ ထပ်တူ ဝမ်းသာပျော်ရွှင်မိပါတယ်။

**ခွန်ကျော်ခမ်းထီ**
**လွိုင်ကော်မြို့၊ လွယ်ထွဲကျေးရွာ**

ကျွန်တော်က ကယားပြည်နယ် လွယ်ထွဲကျေးရွာက ပအိုဝ်းတိုင်းရင်းသား ဖြစ်ပါတယ်။ အခုပွဲတော်မှာ ပအိုဝ်းရိုးရာယဉ်ကျေးမှုအက၊ ဘိုးဘွားတွေရဲ့ အမွေသီချင်းနဲ့ ပါဝင်ဖျော်ဖြေခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပအိုဝ်းလူမျိုးတွေကလည်း ကယားပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေနဲ့ တစ်သားတည်း အေးအတူပူအမျှ နေထိုင်လာကြသူတွေ ဖြစ်ပါတယ်။ ရိုးရာဓလေ့တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ ကျွန်တော်တို့ မျိုးဆက်သစ် လူငယ်မောင်မယ်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ အားလုံး အေးချမ်းပျော်ရွှင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဦးလီးရယ်**
**ဒေါပိုးစီကျေးရွာ**

အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲကို ကောက်ညှင်းထုပ်ပွဲလို့လည်း ခေါ်ပါတယ်။ "အဲဒို" ဆိုတာ စောင့်စည်းခြင်း၊ ထိန်းသိမ်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲကျင်းပတဲ့အခါ ပွဲတော်ကျင်းပဖို့ ရက်သတ်မှတ်တာ၊ ကောက်ညှင်းထုပ်ဖို့ ဒီးကူရွက်ခူးတာတို့မှာ စောင့်စည်းရမယ့် စည်းကမ်းချက်တွေ ရှိပါတယ်။ ပွဲတော်ရည်ရွယ်ချက်က စိုက်ထားတဲ့ လယ်ယာ၊ ဥယျာဉ်သီးနှံတွေ အထွက်နှုန်းကောင်းအောင် လယ်စောင့်နတ်၊ ယာစောင့်နတ်တွေကို ပူဇော်ပသတာ ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်တွင်း၊ အိမ်ပြင်၊ ရွာတွင်း၊ ရွာပြင်မှာ ရောဂါဘေး အန္တရာယ်၊ကပ်ဆိုးတွေ မကျရောက်စေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ - ကိုတွတ်၊ မေစု (ပြန်/ဆက်)**

**ဓာတ်ပုံ- လှရွှေ၊ သုတ(ပြန်/ဆက်)**

## ပိန္နဲကုန်းကျေးရွာ၌ ပညာလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၂၇

ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ပညာလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ ပညာလင်းရောင် စာကြည့်တိုက် အဆောက်အအုံအသစ်ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် ပြင်ဦးလွင် မြို့နယ်မြို့မိမြို့ဖ အတွင်းရေးမှူး ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ တာဝန်ရှိသူများသည် ပညာလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်အား အမွေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အင်းတောမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

အင်းတော စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းတောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို နန်းကုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်လှလှထွေးနှင့် ဒေါ်ခိုင်ဇင်ငြိမ်း ရုပ်သံကျွမ်းကျင်- ၃ တို့က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်း အသိပညာပေး ဟောပြောပြီး အသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်များ ပြသပေးခြင်းနှင့်အတူ သုတ၊ ရသစာအုပ်များကို အခမဲ့ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အင်းတော(ပြန်/ဆက်)



## ကိုကိုးကျွန်းမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး



ကိုကိုးကျွန်း စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ကိုကိုးကျွန်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များသို့ ယခင်ငှားပေးထားသော စာအုပ်များကို ပြန်လည်သိမ်းဆည်းပြီး ယခုအပတ်တွင် သုတ၊ ရသ စာအုပ်များကို ထပ်မံ ပြန်လည်ငှားရမ်းပေးခဲ့သည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## တံတားမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်လက်တွေ့စမ်းသပ်မဲပေး

တံတား စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့အတွင်းရှိ အောင်ချမ်းသာကျေးရွာ၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂၅ ရက်က ဆောင်ရွက်သည်။

ဦးစွာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မြန်ဆန်၍နားလည်လွယ်ခြင်း၊ ပယ်မဲများမရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တက်ရောက်လာကြသည့် မဲဆန္ဒရှင်ပြည်သူ ၂၁၀ ခန့်က လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

လှိုင်သူဇာ(ပြန်/ဆက်)

## ရေဖြူမြို့၌ ထင်း၊ မီးသွေးသုံးစွဲမှုလျှော့ချနိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရေဖြူ စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ သစ်တောပြုန်းတီးမှုထိန်းသိမ်းနိုင်ရေးအတွက် နေ့စဉ် ထင်း၊ မီးသွေး သုံးစွဲမှုလျှော့ချနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရေဖြူမြို့မရပ်ကွက်အတွင်း စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိကိုယ်စား တောအုပ်ကြီး ဦးကန်းခန့်မိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်ဖြိုး၊ (က)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် (ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးအောင်တို့က ရေဖြူမြို့ (က)၊ (ခ)ရပ်ကွက်များတွင် ထင်းနှင့်မီးသွေးသုံးစွဲမှု လျှော့ချနိုင်ရေးနည်းလမ်းများကို ကွင်းဆင်းဆွေးနွေး အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။



ခတ္တာ(ရေဖြူ)



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြေပြင်လူဦးရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများအား တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက်က တော်ကမယ်ကျေးရွာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ အေဇာလင်း



## သဘာဝဘေးအသိပညာပေး၊ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

ဝိုင်းမော် စက်တင်ဘာ ၂၇

ကချင်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက သဘာဝဘေး အသိပညာပေးဟောပြောခြင်း၊ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။



အခမ်းအနားတွင် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာနှင့် အဖွဲ့ဝင်များ၊ ပလနကျေးရွာအုပ်စု တာဝန်ရှိသူများက မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ (IDPs) စခန်းရှစ်ခုရှိ မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာသို့ ဇွန် ၃၀ ရက်တွင် ပြောင်းရွှေ့အခြေချနေထိုင်သည့် အိမ်ထောင်စု ၄၀ မှ အမျိုးသား ၁၀၇ ဦး၊ အမျိုးသမီး ၁၁၂ ဦး စုစုပေါင်း ၂၁၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၃၈၀၀၀၀၊ ပြောင်းရွှေ့စရိတ် ငွေကျပ် ၄၀၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး ၄၀ ပစ္စည်းတန်ဖိုးငွေကျပ် ၅၂၆၅၆၈၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၆၄၅၆၈၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

ဖြူစင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ ရေချိုရှားပါးလာမှုအသိပညာပေး

မိုင်းဆတ် စက်တင်ဘာ ၂၇

မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရေချိုရှားပါးလာမှုအသိပညာပေး Talk Show ကို စက်တင်ဘာ ၂၅ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက Talk Show ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်ပွင့်ဖြူက ရေချို၏အဓိပ္ပာယ်၊ ရေချို၏အရေးပါပုံ၊ ရေချိုကို သဘာဝအလျောက် ပြန်လည်ရရှိပုံနှင့် မြန်မာနိုင်ငံ၏ ရေချိုရရှိမှုအခြေအနေ၊ ရေချိုများရှားပါးလာပုံ၊ ရေချိုသုံးစွဲမှုများပြားပုံ၊ ရေချိုရှားပါးလာခြင်း၏ အကျိုးဆက်များ၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းရမည့်နည်းလမ်းများနှင့် ရေချိုကို မည်ကဲ့သို့ တန်ဖိုးထားသုံးစွဲရမည်ဆိုသည့် အကြောင်းအချက်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## သာယာဝတီမြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်



**သာယာဝတီ စက်တင်ဘာ ၂၇**

တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ် ဖွင့်ပွဲကို သာယာဝတီမြို့ အင်းရွာ တောင်သူလယ်သမား သင်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး အနောက်ပိုင်း ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြည်ပပို့ကုန်၊ သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက် မြို့နယ်များမှ သင်တန်းသား သင်တန်းသူ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ပုဗ္ဗသီရိမြို့နယ် သင်းလှိုင်ကျေးရွာရှိ ရွှေလာဘ်ကောင်းစေတီတော်၌ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး လှရီ၊ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းလှထူး၊ ဒုတိယရဲမှူးကြီး အုန်းဟန်ဦးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်ကို(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်အတွက် မြို့နယ်အဆင့် စုဖွဲ့လေ့ကျင့်

**မော်လမြိုင် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ စက်တင်ဘာ ၂၄ ရက်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များစုဖွဲ့ထားရှိမှုနှင့် ဓာတ်တိုက်လေ့ကျင့်မှုကို ပြည်နယ်မီးသတ်ဦးစီးမှူးက ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်း ကိရိယာများနှင့် ယာဉ်/စက်များကို ကြည့်ရှုစစ်ဆေးပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူ ဦးဆောင်၍ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့များက ဆောင်ရွက်ခဲ့ကြသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန့်ဇင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်၊ အမှတ်(၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး သက်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဝင်း၊ သတင်းရဲတပ်ဖွဲ့မှ ရဲမှူး စိုးနိုင်၊ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(လားရှိုး)မှ ရဲမှူး မျိုးထိုက်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

## ခမောက်ကြီးမြို့၌ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ



**ခမောက်ကြီး စက်တင်ဘာ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး ခမောက်ကြီးမြို့၌ အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာ ဆရာမများပူးပေါင်း၍ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၄ ရက်က အထက ခမောက်ကြီးကျောင်း၌ ထိုးနှံပေး ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျေးလက်ကျန်းမာရေးဌာနခွဲ ဘက်စုံသားဖွားဆရာမ ဒေါ်ခိုင်ယမင်းပွင့်က အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော(KG) ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး အသက်ကိုးနှစ်အထက် ကျောင်းသူ ၂၂ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို ခမောက်ကြီးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးထိန်လင်းက ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **ခမောက်ကြီး(ပြန်/ဆက်)**



ပခုက္ကူမြို့ ရိုးမဘဏ်၌ စက်တင်ဘာ ၂၄ ရက်က ပခုက္ကူမြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောပြီး ဘဏ်ဝန်ထမ်းများက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်စဉ်။

ဘာမီသာ(ပခုက္ကူ)

## ကျိုက်လတ်၌ ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**ကျိုက်လတ် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စက်တင်ဘာ ၂၄ ရက်က ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်နှင့် ဝန်ထမ်းများက အခြေခံပညာ ကျောင်းများရှိ အသက်ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ်မကျော်သော ကျောင်းသူ ၈၁၅ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၁၆၂၁ ဦးအား ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

**လှိုင်မင်းအောင်**

## ထန်းတပင်မြို့နယ်၌ ခွေးရူးရောဂါဆိုင်ရာအသိပညာပေး

ရန်ကုန် စက်တင်ဘာ ၂၇

(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က အထက(ထန်းတပင်)ကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးနှင့် ဦးစီးအရာရှိ ဒေါက်တာအင်ကြင်းမေတို့က ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါဆိုင်ရာ အသိပညာများကို ဟောပြောပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကာ မြို့နယ်အတွင်း ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ခရမ်းစတိုး အထွေထွေစီးပွားရေးလုပ်ငန်းသမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ခရမ်း စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းစတိုး အထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းလီမိတက်၏၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က ခရမ်းစတိုး အသင်းရုံးခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်သန္တာအောင်နှင့် အသင်းဥက္ကဋ္ဌ ဦးခင်မောင်သိန်း(သဘာပတိ)တို့က အမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေး နှစ်ချုပ်စာရင်း၊



အကျိုးအမြတ်ခွဲဝေမှုစာရင်းများအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီးအသင်းဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## တာချီလိတ်မြို့နယ်၌ ကျောင်းတိုက် ၉၆ ကျောင်းအတွက် ဆွမ်းဆန်စိမ်းလောင်းလှူ



**တာချီလိတ် စက်တင်ဘာ ၂၇**

တာချီလိတ်မြို့နယ် အတွင်းရှိ ကျောင်းတိုက် ၉၆ ကျောင်း အတွက် ဆွမ်းဆန်စိမ်းလောင်း လှူပွဲအခမ်းအနားကို စက်တင် ဘာ ၂၄ ရက်က ဆန်ဆိုင်း(က) ရပ်ကွက် နဂါးနှစ်ကောင်ကျောင်း တိုက်၌ ကျင်းပသည်။

ဦးစွာ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဓမ္မ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) (သာသနတက္က သီလ ဓမ္မာစရိယ B.A Buddhism, M.A သီရိလင်္ကာ)ထံမှ ဥဒ္ဒေ့ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်သော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ထို့နောက် တာချီလိတ် တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖအလှူရှင်များက တာချီလိတ်မြို့နယ် အတွင်းရှိ ကျောင်းတိုက် ၉၆ ကျောင်းရှိ သံဃာတော် ၅၅၁ ပါး၊ သာမဏေ ၁၅၄၅ ပါးနှင့် သီလရှင် ၅၀ တို့အား ဆန်အိတ်ကြီး ၇၈၅ အိတ်၊ ဆီ ၃၆ ဖာ၊ ဆီပုံး လေးပုံး၊ ကြက်ဥ၊ ကြက်သွန်နီအိတ်ကြီး ခြောက်အိတ်၊ ကော်ဖီထုပ်၊ နို့ဆီ စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## မော်ဘီမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**မော်ဘီ စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းများကို စက်တင်ဘာ ၂၃ ရက်က ဘိုးဒေါနကုန်း ဘုန်းကြီးကျောင်းတိုက်၊ ညောင်နှစ်ပင် ဘုန်းတော်ကြီးကျောင်းတို့၌ ဆောင်ရွက်သည်။



ထိုသို့ အသိပညာပေးခြင်း ဆောင်ရွက်ရာတွင် ဦးကျော်သိန်းစိုး၊ ဦးငွေးကြွယ်၊ မြို့နယ်ဒုတိယလဝကမှူး ဦးသန်းထွန်းအောင်တို့က မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ဇောဦးက မဲပေးစက်နှင့် ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဦးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ညောင်နှစ်ပင်ကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ မဲဆန္ဒရှင်ပြည်သူများက စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဝင်းဇော်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်

**ကျောင်းကုန်း စက်တင်ဘာ ၂၇**

ကျောင်းကုန်းမြို့နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆု ရရှိခဲ့သော ကျောင်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဆရာဆရာမများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို အထက(၁) ပညာ့ဗိမာန်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လေးဘာသာဂုဏ်ထူးရှင်နှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား




ဆုချီးမြှင့်ပြီး သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာဆရာမများအား ဆုများ ချီးမြှင့်ခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညှင်း စက်တင်ဘာ ၂၇**

မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာနှစ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေး လုပ်ငန်းစီမံကိန်း(RBF)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၄ ရက်က တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်း စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးမြင့်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကျေးရွာသူကျေးရွာသားများအား ချေးငွေများဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုသည်။ ဟဲလုံခေတ်မီစံပြကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် အိမ်ထောင်စု ၂၁ စုတို့အတွက် လုပ်ငန်းဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် တတိယအကြိမ်မြောက် မန်ကျည်းပျိုးပင် ၂၂၅၀ စိုက်ပျိုး

**ညောင်ဦး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် တတိယအကြိမ်မြောက် မိုးရာသီ မန်ကျည်းပင်စုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ ကြီးကြပ်မှုဖြင့် ရွှေစည်းခုံဘုရားတွင် အပင် ၂၀၀၊ ထီးလိုမင်းလိုဘုရားတွင် အပင် ၁၅၀၊ အာနန္ဒာဘုရားတွင် အပင် ၂၀၀၊ ကန်တော့ပလ္လင်ဘုရားတွင် အပင် ၄၀၀၊ ဘူးဘုရားတွင် အပင် ၂၀၀၊ လောကနန္ဒာဘုရားတွင် အပင် ၁၅၀၊ ဓမ္မရာဇကဘုရား တွင် အပင် ၂၀၀၊ တုရင်တောင်ဘုရားသွားလမ်းဘေးဝဲယာတွင် အပင် ၄၀၀၊ ပြဿဒ်ကြီးဘုရားတွင် အပင် ၅၀၊ ဓမ္မရံကြီးဘုရားတွင် အပင် ၅၀၊ ၄က်ပစ်တောင်ဘုရားတွင် အပင် ၅၀၊ စူဠာမဏိဘုရားတွင် အပင် ၅၀၊ ရွှေဆံတော်ဘုရားတွင် အပင် ၅၀ နှင့် အလိုတော်ပြည့်ဘုရားတွင် အပင် ၁၀၀ တို့အား ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်း ၇၀၀၊ သက်ဆိုင်ရာ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဈေးသည် ၅၀၀ တို့ဖြင့် ဖြန့်ခွဲ၍ နေရာ ၁၄ နေရာတွင် ဒေသမျိုးရင်း မန်ကျည်းပျိုးပင် ၂၂၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



## ရန်ကင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကင်း စက်တင်ဘာ ၂၇**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဗလငါးတန်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမောင်မြတ်နိုး(ရန်ကင်း)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဟောပြောပွဲနှင့် နံရံကပ်ပြခန်းများ၊ စာအုပ်ပြပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၅၀ ခန့် ပါဝင်ခဲ့ကြသည်။

**ရဲလေး(ပြန်/ဆက်)**



## ချောက်မြို့နယ်၌ ဓာတ်မြေသြဇာသွင်းအားစုများ ဖြန့်ဖြူးရောင်းချ

**ချောက် စက်တင်ဘာ ၂၇**

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် ဓာတ်မြေသြဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ မိုးစပါးစိုက်တောင်သူ ၂၅ ဦးထံသို့ ယူရီးယားဓာတ်မြေသြဇာအိတ် ၂၀ နှင့် ကွန်ပေါင်းမြေသြဇာအိတ် ၂၀ တို့အား ၂၃ ရက်မှစ၍ သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၇**

မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီးတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ



လိုက်လံကြည့်ရှုကြသည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ ကျောက်ကာလမ်း မုံရွာတက္ကသိုလ်မှ ပြည်ထောင်စုလမ်းအထိ လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ မုံရွာမြို့ပေါ် ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးတို့အတွက် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ အရှေ့လယ်တီကျောင်းတိုက်ကြီး၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေး၊ ဆွမ်းဆန်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် စက်တင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းကုန်းမြို့နယ်၌ ခွေးရူးရောဂါအသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်မြင့်က ခွေးရူးရောဂါဆိုင်ရာအသိပညာများ ဟောပြောစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ် သထုံစုကျေးရွာ ထိန်ထိန်လင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအရပ်ရပ်ဆိုင်ရာစည်းဝေး

**ကျိုက်ထို စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သထုံစုကျေးရွာ ထိန်ထိန်လင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ကော်မတီ ရွေးချယ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ ထိန်ထိန်လင်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ



အသင်းသဘာပတိ ဦးမျိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သမဝါယမလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**ကျိုက်ထို(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ (၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှိုင်ဘုန်းမြင့် အသိပညာပေးဟောပြောစဉ်။

အေဇာလင်း



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်ကကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော် အသိပညာပေးဟောပြောစဉ်။

မြို့နယ် (ပြန်/ဆက်)



(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမိုးဆန်းပန်း အသိပညာပေးဟောပြောစဉ်။ ကျော်သူရ(ကော့မှူး)




လှိုင်းဘွဲ့မြို့နယ် ထီလုံစံပြကျေးရွာ၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၄ ရက်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူး ဒေါက်တာခင်ငယ်အောင်နှင့် လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူး ဒေါက်တာသီဟတို့ ခွေးနှင့်ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့စဉ်။

ခရိုင်(မွေး/ကု)



(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ နိုင်နိုင်လတ်တို့ အသိပညာပေးဟောပြောစဉ်။

ရွှေမိုးညှင်း



ပေါင်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ကျော်ရဲအောင်နှင့်အဖွဲ့ ပေါင်မြို့နယ်အတွင်းရှိ ခွေးအကောင် ၁၅၀ ကို စက်တင်ဘာ ၂၅ ရက်က ခွေးရူးပြန်ရောဂါကာကွယ်ဆေးလိုက်လံထိုးနှံပေးစဉ်။

မွန်မလေး(ပြန်/ဆက်)




## အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က(၁) ဓနုဖြူ၊ Grade-11(A)မှ ဦးစံလင်းအောင် ၁၄/ညတန(နိုင်)၁၀၃၇၉၂ ၏ သမီးအမည်မှန်မှာ မရွှေဇင်အောင် ဖြစ်ပါကြောင်း။

**မရွှေဇင်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှဝင်း-ဒေါ်ကျင် တို့၏သမီးဖြစ်သူ ပုသိမ်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(အလက-၂၊ ပုသိမ်)တွင် ဒုအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ကျွန်မ နမ့်မီမီဝင်း ၁၄/ပသန(နိုင်)၁၈၂၈၃၈ နှင့် ဒေါ်မီမီဝင်းသည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**နမ့်မီမီဝင်း(ခ)ဒေါ်မီမီဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (ဘုံကျောင်းအနောက်)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀.၀၆၃) ဧက၊ မြေငှားဂရန်အမှုတွဲအမှတ်၊ ၃၈၃-၅/၁၉၉၅-၁၉၉၆(အေ)၊ ဒေါ်အေးစိန် (၁၃/လရန(နိုင်)၀၇၁၀၁၃) အမည်ပေါက်မြေငှားဂရန်အား ဒေါ်နန်းရွှေပု ၁၃/လရန(နိုင်)၁၀၁၃၆၅၊ ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ တို့မှ စာချုပ်အမှတ် (၄၄၃IV/၂၀၂၃)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး ဒေါ်နန်းရွှေပု၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ထံမှ စာချုပ်အမှတ် (၄၇၂I/၂၀၂၃)ဖြင့် ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့် (၁၃/လရန(နိုင်)၁၂၀၁၅၈)သို့ စွန့်လွှတ်ပေးပြီးဖြစ်ပါသဖြင့် ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့် (၁၃/လရန(နိုင်)၁၂၀၁၅၈)အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အေးစိန် ၁၃/လရန(နိုင်)၀၇၁၀၁၃ အမည်ပေါက်မြေငှားဂရန်အမှုတွဲအမှတ် ၃၈၃-၅/၁၉၉၅-၁၉၉၆ (အေ) အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/36157, Honda Click- 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မင်း ၁၄/မမက(နိုင်)၁၇၈၃၉၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/4196, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လတ် ၇/ပမန(နိုင်)၁၁၅၅၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ကျူတောကျေးရွာ၊ ကွင်းအမှတ်(၁၃၉)၊ ကွင်းအမည် သံတဇ၊ ဦးပိုင်အမှတ် ၄၀/ခ၊ အကျယ်အဝန်း (၈၀x၃၇၀)ပေရှိ ဦးအောင်ဇော်မြင့်အမည်ပေါက် မြေကွက်အား တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော အမည်ပေါက်ဖြစ်သူ ဦးအောင်ဇော်မြင့်(၁၂/အစန(နိုင်)၀၀၂၇၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမွန်(၅/မရန(နိုင်)၀၂၅၇၀၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ(၁၉)လမ်း(အနောက်)**
**(၂/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph : 09-450020302**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ဘောဆိုင်းကျေးရွာအုပ်စုတွင် တည်ရှိသော MALIKHA YADANAR MINING COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၂၈၈၁၅) ဒေါ်သော်တာလှ (၁၃/ကခန(နိုင်)၀၁၀၉၄၃) ကိုင်ဆောင်သူ (ကုမ္ပဏီပိုင်ရှင်) **“မလိခရတနာ”** (သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **“မလိခရတနာ”** ကုမ္ပဏီတွင် ကိုဝေဟင်ထက် (၇/ပခန(နိုင်)၂၄၀၅၀၅) သည် ၂၀၂၃ခုနှစ် နှစ်ဦးပိုင်းမှစတင်ပြီး ကုမ္ပဏီ၏ မန်နေဂျာရာထူးမှ နုတ်ထွက်သွားပြီးဖြစ်ပါသည်။ ၎င်းနှင့်ကျွန်ုပ်မိတ်ဆွေ **"မလိခရတနာ”** ကုမ္ပဏီနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်းနှင့် ငွေရေးကြေးရေး၊ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စတိုင်းကို ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်၊ ကုမ္ပဏီနှင့်မသက်ဆိုင်သူ၊ မည်သူမဆို ကုမ္ပဏီ၏ အမည်အချက်အလက်များရယူသုံးစွဲပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**“မလိခရတနာ” (သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)**
**ဒေါ်သော်တာလှ “မလိခရတနာ” ကုမ္ပဏီ**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၈၈)**
**အမှတ်၂/၂၁၂၊ ကံဦးအုပ်စု၊ သပြေလှရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၂၃၇၂၄၆၇၉**

## (၁၄-၉-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်သီတာအေး၊ ဒေါ်ဥမ္မာအေး၊ ဒေါ်နီလာအေးတို့အား သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းအပေါ် ဒေါ်ပြုံး (၁၂/ပဘတ(နိုင်)၀၀၇၅၂၈) နှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ် (၅၀၅) ဟုခေါ်တွင်သော အိမ်နှင့်တည်ရာမြေသည် မိဘများဖြစ်သော ဦးအုန်းရှိန်၊ ဒေါ်ပြုံးတို့ပိုင်ဆိုင်ပါသည်။ ဦးအုန်းရှိန်၊ ဒေါ်ပြုံးတို့၏ အမွေစားအမွေခံသမီး (၄)ဦး ဒေါ်သီတာအေး၊ ဒေါ်ဥမ္မာအေး၊ ဒေါ်နီလာအေး၊ ဒေါ်စန္ဒာအေးတို့ဖြစ်ပါသည်။ မိဘများသက်ရှိ ထင်ရှားရှိစဉ် မကျန်းမမာဖြစ်စဉ်တစ်လျှောက် ဒေါ်သီတာအေး၊ ဒေါ်ဥမ္မာအေး၊ ဒေါ်နီလာအေးတို့မှ သားသမီးဝတ္တရားနှင့်အညီစောင့်ရှောက်ကြပါသည်။

ဖခင် ဦးအုန်းရှိန်သည် (၁၁-၇-၂၀၂၅)ရက်တွင် ကွယ်လွန်ခဲ့ရာ ရက်လည်ပြီးနောက် ကျောက်ကပ်ရောဂါနှင့် ဆေးကုသနေရသူ မိခင် ဒေါ်ပြုံး သည် သမီး ဒေါ်စန္ဒာအေးနှင့်နေထိုင်ပြီး ဆေးကုသမည်ဖြစ်၍ ဒေါ်သီတာအေး၊ ဒေါ်ဥမ္မာအေး၊ ဒေါ်နီလာအေးတို့ထံမှ မိဘများပိုင် အောက်ပါပစ္စည်းများ တောင်းယူ၍ ဒေါ်စန္ဒာအေးအား အပ်နှံပြီး ဒေါ်စန္ဒာအေးနှင့် နေထိုင်ပါသည်။ ( ၂၄-၇-၂၀၂၅ )ရက်တွင် မိဘများ ပိုင်သည့် အမှတ် (၅၀၅)၊ ရတနာသိဒ္ဓိလမ်း တည်ရှိရာမြေ နှစ် (၆၀) မြေဂရန် (မူရင်း)၊ စိန်လက်ကောက် (၃) ကွင်း၊ စိန်ဆွဲကြိုး (၁) ကုံး၊ စိန်လက်စွပ် (၃) ကွင်း၊ စိန်ဆွဲသီး (၂) ခု၊ ရတနာ မျိုးစုံနှင့် ရွှေသားလက်ဝတ်လက်စားတစ်ဆင် စာစီ(၃)စုံ၊ လက်စွပ် (၃) ကွင်း၊ ရွှေသား ရွှေထည်လက်ဝတ်လက်စား (၂၃) မျိုး၊ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း (၅၀၀၀) ခန့်တို့ဖြစ်ပါသည်။

(၁-၈-၂၀၂၅)ရက်တွင် ဒေါ်ပြုံး၏စီမံမှုအတိုင်း ဖခင် ဦးအုန်းရှိန်အသုံးပြုသည့် ဖုန်းအတွင်းရှိ ငွေကျပ်သိန်း (၅၅၀) ပါ လက်ကိုင်ဖုန်း (၁) လုံးနှင့် ငွေသားကျပ်သိန်း (၇၀၀) အား ဒေါ်စန္ဒာအေး၏ CB Bank Special Account သို့ လွှဲပေးရပါသည်။ (၁၀-၈-၂၀၂၅)ရက်တွင် ဒေါ်ပြုံးအမည်ဖြင့် အမှတ်-၁၀၅ (မြေညီ)၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿနလမ်းတိုက်ခန်း၏ တစ်ဝက်အစုကို ငွေကျပ်သိန်း (၅၀၀) ဖြင့် ဒေါ်ပြုံးမှ ဒေါ်စန္ဒာအေးအား ရောင်းချပါသည်။ ဒေါ်သီတာအေး၊ ဒေါ်ဥမ္မာအေး၊ ဒေါ်နီလာအေးတို့မှ မိခင်သည် ကျောက်ကပ်ရောဂါဖြင့် ဆေးဝါးသုံးစွဲရသူဖြစ်ပြီး၊ အသက် (၇၆) နှစ် အိုမင်းမစွမ်းအရွယ် မှတ်ဉာဏ်အားနည်းနေကြောင်း အနီးကပ်ပြုစုသူသမီး (၃) ဦးမှ သိရှိသော်လည်း မိဘစကား နားထောင်၍ သားသမီးဝတ္တရားကျေပွန်ခဲ့ကြပါသည်။

မိခင် ဒေါ်ပြုံးနှင့် သမီးဒေါ်စန္ဒာအေးလက်ဝယ်ရှိ စိန်၊ ရွှေ၊ ငွေများတန်ဖိုး (ကျပ်သိန်း ၇၀၀၀)ခန့်သည် ဆေးကုသရန်ငွေကြေးလုံလောက်နေပါလျက် ဒေါ်ပြုံးသည် ကျောက်ကပ်ခွဲစိတ်အစားထိုးရမလား၊ ကျောက်ကပ်ဆေး၍ ကုသရမလားစသဖြင့် ကျောက်ကပ်အကြီးစားရောဂါကုသရန် ဆရာဝန်၏ ညွှန်ကြားချက်ရှိပါက ဒေါ်ပြုံးနှင့် ဒေါ်စန္ဒာအေးမှ သမီး (၃) ဦးအား အသိပေးတိုင်ပင်ရန်တာဝန်ရှိပါလျက် အသိပေးခြင်းမရှိဘဲ မိဘများပိုင် အမှတ် (၅၀၅)၊ ရတနာသိဒ္ဓိလမ်း၊ တိုက်အိမ်နှင့်မြေအား ရောင်းချရန် စီစဉ်ခြင်းသည် ငွေကြေးမလိုအပ်သေးသည့်အချိန်ဖြစ်၍ မိခင်ဒေါ်ပြုံး၏ စိတ်အခြေ အနေကို သတင်းစာတွင် ကြေညာခြင်းမှာ သားသမီးများပြုကျင့်ဖွယ်ဝတ္တရားအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဒေါ်ပြုံး (မိခင်) နှင့် အများသိစေရန် ဖြေရှင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာအေး (၁၂/ပဘတ (နိုင်) ၀၁၀၄၇၅) ဒေါ်ဥမ္မာအေး (၁၂/သဃက (နိုင်)၀၂၀၅၀၁)**
**ဒေါ်နီလာအေး (၁၂/ပဘတ (နိုင်) ၀၁၀၄၃၂)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြညွန့် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၃၀၆၀၂၁၆**

## ဖခင် အမည်မှန်

ဖြူးမြို့နယ်၊ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၊ ကညွတ်ကွင်းမြို့ G-12 မှ မောင်နေထက်ဝင်း၏ ဖခင် အမည်မှန်မှာ ဦးမင်းသိန်း ၇/ ဖမန(နိုင်)၁၁၆၇၀၀ ဖြစ်ပါကြောင်း။

**ဦးမင်းသိန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်၅ ၊ နည်းဥပဒေ ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၉၅**

ဒေါ်သပြေလင်း နှင့် ဒေါ်တိုးတိုးမော်
(၎င်း၏အထူးကိုယ်စားလှယ်စာရ ဒေါ်အေးမြင့်)

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(တတ-၁၀) ၆၂(A) လမ်း၊ ၁၂၄ x ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်နေ ဒေါ်တိုးတိုးမော်(ဘ)ဦးကြည်လင်း ( ၎င်း၏အထူးကိုယ်စားလှယ်စာရသူ - ဒေါ်အေးမြင့် ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်တိုးတိုးမော်(ဘ)ဦးကြည်လင်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးမြင့်) သင့်အပေါ်၌ တရားလို ဒေါ်သပြေလင်းက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၀)၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်တိုးတိုးမော် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ( ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ .တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆) အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၆၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၆-၅-၂၀၂၅)ရက်စွဲပါစာအမှတ်၊ ၄၂၀၀/၂၀၀(၃)/ ၅-၃/အဖရ (တနင်္သာရီ) အရ မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်လျှောက်ထားရန် အကြောင်းကြားခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးအောင်မျိုးသန့် ၆/တသရ(နိုင်)၀၂၅၁၆၄၊ ဒေါ်မာမာချို ၆/တသရ(နိုင်)၀၄၇၅၆၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်-၁၃(ခ)ဆိပ်ငယ်ကွင်း၊ ဦးပိုင်အမှတ် (၁၇)၊ မြေဧရိယာ ၀ ဒသမ ၀၇၁ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၄၆/၂၀၁၅-၂၀၁၆ အရ ဦးသန်းမြင့်၊ ဒေါ်တင်တင်ယုအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၄၃/၂၀၂၄) ဖြင့် ဦးဝင်းအောင်၊ ဒေါ်ရီရီထွေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝင်းအောင် ၆/မအရ(နိုင်) ၀၀၀၉၉၈၊ ဒေါ်ရီရီထွေး ၆/မအရ(နိုင်)၀၀၁၁၃၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ များရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ကျောက်စိမ်းလမ်းနှင့် မဟူရာလမ်းထောင့်၊ အမှတ်(၇/၂၂၆) နေ Taunggyi Thein Mining Company Limited (TGTM Co., Ltd) ၏ Managing Director ဖြစ်သူ ဦးသိန်းထိုက် (၁၃/ဟပန(ရိုပ်) ၀၀၀၀၆၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်သည်မှာ - TGTM Co., Ltd သည် ဟောင်ကောင်အခြေစိုက် ဟောင်ကောင်ကုမ္ပဏီ Techway Holding Limited (THL) နှင့် ၂၀၁၄ ခုနှစ်အတွင်း စာချုပ်(၃)စောင်ချုပ်ဆို၍ သဘောတူညီချက်ရယူကာ (၁၆-၅-၂၀၁၆) ရက်စွဲဖြင့် Taunggyi Thein Techway Joint Venture Company Limited (JVCO Co., Ltd) အားတည်ထောင်ခဲ့ပြီး ( ၈-၁၂-၂၀၁၆) ရက်စွဲပါ ပူးတွဲသတ္တုတွင်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ JVCO Co., Ltd သည် နိုင်ငံခြားကုမ္ပဏီဖြစ်၍ အကြီးစားသတ္တုတူးဖော်ခွင့်လိုင်စင်မရဘဲ TGTM Co., Ltd ၏ ခွင့်ပြုမိန့်-၀၁၃၀/၂၀၂၀ အရ အလတ်စားသတ္တုတူးဖော်ခွင့်လိုင်စင်ဖြင့် တရားဝင်လုပ်ကိုင်နေသည့် လုပ်ကွက်ဧရိယာမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများအား အပေါ်တွင် (၈-၁၂-၂၀၁၆) ရက်စွဲပါ စာချုပ်အရ အကျိုးခံစားရ ယူနေပြီး နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ ဓာတ်သတ္တုများအတွက် TGTM Co., Ltd မှသာ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်၍ TGTM Co., Ltd အမည်ဖြင့် တူးဖော်ရရှိထားသော ဓာတ်သတ္တုများအတွက် စာရင်းရှင်းလင်းခြင်း မပြုရသေးမီ TGTM Co., Ltd ၏ စီမံခန့်ခွဲမှုအောက်တွင်သာရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇင် (စဉ်-၁၈၅၇၇/၁၉၉၀)**
**အထက်တန်းရှေ့နေ**
**B.Sc.M.Sc(Zool), H.G.P, D.B.L M.A (Business Law)**
**၁၄၁/၅၊ မီးဒုံးလမ်း၊ သုဝဏ္ဏ၊ ဖုန်း-၀၉-၄၄၃၀၉၅၁၉၁**


## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့ အောင်စကြာစကျွဲဒါနဆေးရုံကြီးနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် ဆေးရုံသစ်ကြီး ဆောက်လုပ်လျက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်းကောင်းမှုဖြစ်သော ကုသိုလ်ကို ဆရာတော်နှင့်အတူပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။ ဖုန်း ၀၉-၅၁၀၄၇၃၈၂


## ကြော်ငြာစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃)**
**မရမ်းကုန်းခရိုင်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၈၃**
**ကွယ်လွန်သူဒေါ်မြမူ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း (ခုနစ်အိမ်တန်း)၊အမှတ်-၃၄ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မြမူ၏ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း(ခုနစ်အိမ်တန်း)၊ အမှတ်-၃၄တွင်နေထိုင်သူ ဒေါ်သန်းသန်းဝေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်(၁၃၈၇ ခုနှစ်၊သီတင်းကျွတ်လဆုတ်(၄)ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြမူ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄) ရက်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်မြမူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၇၉)၊ ပေ(၄၀X၆၀)နှစ် (၆၀)ဂရန်မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအေးဖက်(ခ)ဦးဇော်ထွန်းပါ(၂) တို့ထံမှ ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်/စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်မြင့်**
**၁၂/မရက(နိုင်)၁၇၅၀၃၅**
**ဖုန်း-၀၉-၄၂၁၀၂၉၆၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/50624, Zhineng- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုး ၆/မမန(နိုင်) ၁၃၆၉၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/74815, Traulergi $B_2$ လက်တွန်း(တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၁၄/ မမန(နိုင်)၁၇၈၀၀၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 34W/94294, Luojia -125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**


## စာအုပ် စာပေ လှူမိတ်ဆွေ


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၁ယ/၈၁၂၈၂, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd. က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလေးတက္ကသိုလ်**
**"(၅၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း"**

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါပညာသင်နှစ်များ၏(ဘွဲ့) စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ (၅၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ (၁၇)ရက်နေ့အထိ လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (PhD) ပါရဂူ(ဘွဲ့) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ခ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ (ဒုတိယနှစ်)သင်တန်း (ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ဂ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ တတိယနှစ်ဂုဏ်ထူးတန်း (ဝိဇ္ဇာ/သိပ္ပံ)ဂုဏ်ထူး (ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ဃ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ စတုတ္ထနှစ် (ဝိဇ္ဇာ/သိပ္ပံ) စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(င) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ ပဉ္စမနှစ်(ဥပဒေ)စာမေးပွဲကို အောင်မြင်ပြီးသူများ၊

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ကာလာဖြင့်ရိုက်ကူးထားသော (မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်း(အမျိုးသား)ဝတ်စုံ) (၂" x ၁$\frac{၁}{၂}$ ")အရွယ် ဓာတ်ပုံ(၄)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားရပါမည်။ အဖြူအမည်းဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများကို လက်ခံမည်မဟုတ်ပါ။

၃။ ဘွဲ့နှင်းသဘင် လျှောက်ထားသူများ၏ ဘွဲ့နှင်းသဘင်ကြေးငွေမှာ တက်ရောက်ဘွဲ့(ကျပ် ၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင် တိတိ)၊ အဝေးရောက်ဘွဲ့ (ကျပ် ၁၀၀၀၀/-)(ကျပ် တစ်သောင်း တိတိ) ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

